အပိုင်း ( ၈၉၇ ) : မီးနန်းဆောင်၏ သွေးကွဲမှု

နန်းဆောင်လေးခုညီလာခံ၏ ရလာဒ်မှာ အကျိုးသက်ရောက်မှု အတော်ပင်ကြီးမားခဲ့သည်။ ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ တပည့်တချို့မှလွဲ၍ မူချင်းစာလုံးများ၏ လျှော့ကျသွားသော စျေးနှုန်းကြောင့် အားလုံးကိုပျော်ရွှင်စေခဲ့သည်။

ဇူယွမ်သည် မူလအကြွေစေ့ ကုန်ဆုံးမှုအတွက် စိုးရိမ်ပူပန်မှုများကို လျှော့ချပေးလိုက်ခြင်းပင်။ ယခုအခြေအနေအရ ဇူယွမ်အား ဆန့်ကျင်မှု အများဆုံးဖြစ်သည့် မီးနန်းဆောင်မှာ ချက်ချင်းဆိုသလို ပြိုကွဲသွားရသည်။ ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ တပည့်အချို့မှာ ဇူယွမ်အား ဆက်လက်ဆန့်ကျင်ရန် ကြိုးစားခဲ့ကြပါသော်လည်း အများစုမှာ လက်မခံကြတော့ချေ။

ဇူယွမ်မှာ ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ မဟုတ်သော ထူးချွန်ထက်မြက်သူများအတွက်လည်း ရာထူးဂုဏ်ပုဒ်များ ရရှိနိုင်စေရန် စိန်ခေါ်ပွဲ ပြုလုပ်ပေးထားသေးသည်။ ထိုသူများမှာ အရည်အချင်းရှိပါသော်လည်း ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ တပည့်များမှာ နှစ်ပေါင်းများစွာ ဖိနှိပ်ထားခဲ့ကြသည်။ ဇူယွမ်မှာ ရှူးရှီခေါင်းဆောင်

ဖြစ်ဖြစ်ချင်းမှာပင် ၎င်းတို့အတွက်မျှတသော အခွင့်အရေး ရရှိစေရန် စီစဉ်ပေးခဲ့သည်။

ထိုသည်မှာ မီးနန်းဆောင်၏ စည်းလုံးမှုအား ပြိုကွဲစေရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရှိနေစေကာမူ ၎င်းတို့မှာ လိုလိုလားလားဖြင့် ယင်းငါးစာအား ရယူလိုကြသည်။ မည်သူကမှ ဖိနှိပ်ခံရခြင်းအား မနှစ်သက်ကြပေ။ နန်းဆောင်လေးခုမှာ ယှဉ်ပြိုင်မှုများ ပြင်းထန်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာခဲ့ရလေပြီ။

အတိတ်ကာလများ၌ ၎င်းတို့အနေဖြင့် ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ တပည့်များ၏ ဖိနှိပ်ခြင်းကို ခံခဲ့ရပါသော်လည်း ယခုအခြေအနေမှာ ပြောင်းလဲသွားပြီ ဖြစ်သည်။ ၎င်းတို့အနေဖြင့် ရှိုးရှီခေါင်းဆောင် ဇူယွမ်၏ ဦးဆောင်မှုနောက်သို့ ယုံကြည်စွာ လိုက်ပါသွားရုံပင် ဖြစ်သည်။ ထို့ကြောင့် မီးနန်းဆောင်တွင်သွေးကွဲမှုများ စတင်ဖြစ်ပေါ်လာသည်။

ဇူယွမ်ကြေညာထားသော အမည်စာရင်းတွင် ပါဝင်ကြသူများမှာ လက်ရှိလက်ထောက်ခေါင်းဆောင်နှင့် အဖွဲ့မှူးများအား အသီးသီးစိန်ခေါ်တိုက်ခိုက် ကြတော့သည်။ ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ တပည့်မဟုတ်သော အဖွဲ့ဝင်များမှာလည်း ထိုစိန်ခေါ်မှုများကို ဝမ်းသာအားရ ထောက်ခံကြလေသည်။ မီးနန်းဆောင်တွင်

ကျင်းရှန်းကောင်းကင်ဂိုဏ်းမှတပည့်များမှာ လူအနည်းစုသာ ဖြစ်သည်။ ကျင်းရှန်းကောင်းကင်ဂိုဏ်၏ တပည့်မဟုတ်သူများက ပိုမိုများပြားသည်။

တစ်ရက်အတွင်းမှာပင် စိန်ခေါ်ပွဲတော်တော်များများ စတင်ခဲ့လေပြီ။

ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ လက်ထောက်ခေါင်းဆောင် ခုနစ်ယောက်အနက် သုံးယောက်မှာ ရာထူးများကို လက်လွှတ်လိုက်ရပြီ ဖြစ်သည်။ အဖွဲ့မှူး နှစ်ဆယ့်ငါးယောက်တွင်လည်း ဆယ့်ငါးယောက်မှာ ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ တပည့်မဟုတ်သောသူများ ဖြစ်လာခဲ့ကြသည်။

ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ တပည့်မဟုတ်သော အဖွဲ့ဝင်များမှာ ပျော်ရွှင်စွာ အောင်ပွဲခံကုန်ကြပြီး မီးနန်းဆောင်တွင်လည်း ဇူယွမ်အား ထောက်ခံသူများပြားလာလေသည်။

……….

မီးနန်းဆောင်၏ ခေါင်းဆောင်အိမ်တော်၌

ကျိုယာနှင့် ကျူးလျန်တို့မှာ စိတ်အလိုမကျဟန်ဖြင့် လုရှောင်းအား ပြောလိုက်သည်။ “အကိုတော် လုရှောင်း…မီးနန်းဆောင်က ကျင်းရှန်းကောင်းကင်ဂိုဏ်းရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိတော့မှာ မဟုတ်တော့ဘူး။ အကိုတော်က ဒီကိစ္စကို ဘာမှမလုပ်တော့ဘူးလား။”

ကျိုယာမှာ အလွန်ဝမ်းနည်းဒေါသထွက်နေမိသည်။ လက်ထောက်ခေါင်းဆောင်များအနက် သူမသည် အထူးချွန်ဆုံး မဟုတ်သောကြောင့် စိန်ခေါ်ခံရပြီးနောက် တိုက်ပွဲအား ရှုံးနိမ့်ကာ ရာထူးကို လက်လွှတ်လိုက်ရသည်။ သူမအနေဖြင့် ထိုအချက်အား မည်သို့မျှ လက်မခံနိုင်ပေ။ အတိတ်ကာလများ၌ သူမအား မည်သူကမှ မော်မကြည့်ရဲခဲ့ကြ။

ဖြူရော်နေသော လုရှောင်းမှာ တည်ငြိမ်စွာ စကားဆိုလိုက်သည်။ “ငါလည်းဘာတတ်နိုင်မှာလဲ။ ငါထွက်ပြောလိုက်ရင်ရော သူတို့ကို တားလို့ရမှာတဲ့လား။”

ကျိုယာနှင့် ကျူးလျန်တို့မှာ မည်သို့စကားဆက်ရမည်မသိ ဖြစ်သွားရသည်။ လက်ရှိအချိန်တွင် ဇူယွမ်မှာ ရှုံးရှီခေါင်းဆောင်ဖြစ်နေသောကြောင့် သူ၏အမိန့်အား ဖီဆန်ရန် အမှန်တကယ် မဖြစ်နိုင်ပေ။ ကျိုယာမှာ

အံ့ကြိတ်ကာ ပြောလိုက်သည်။ "အဲ့ဒါဆိုလည်း ဒီကိစ္စကိုဖြေရှင်းဖို့ သခင်ကြီးကို တောင်ဆိုလိုက်မယ်။"

လုရှောင်းမှာ တုံ့ပြန်လိုက်သည်။ "ဒါတွေအားလုံးက ရှုံးရှီခေါင်းဆောင်တစ်ယောက်ရဲ့လုပ်ပိုင်ခွင့်တွေပဲ။ သခင်ကြီးကို သွားပြောရင်လိုက်ရင် သခင်ကြီးက ဇူယွမ်ကို ရာထူးကနေ ထုတ်ပေးနိုင်မယ်လို့ ထင်နေလို့လား။ အဲ့လောက်လွယ်နေရင် ငါတို့ ရှုံးရှီခေါင်းဆောင်နေရာရဖို့ နှစ်ပေါင်းများစွာ စီစဉ်နေမှာ မဟုတ်ဘူး။"

"သခင်ကြီးကိုသာ သွားပြောရင် ငါ့တို့ကို အသုံးမကျဘူးလို့ ပြောရုံအပြင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။"

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ။" ကျိုယာမှာ ပေါက်ကွဲထွက်တော့မည်ဟန် ဖြစ်နေသည်။

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်သွားခဲ့သော အခြေနေအရပ်ရပ်ကြောင့် သူမ ရှုးမတတ် ဖြစ်နေရပြီပင်။ ရှီချိုးရွှယ်နှင့် အလောင်းအစာ ရှုံးနိမ့်သွားသောကြောင့် ထျန်းယွမ်ရှန်းဟွ တစ်ခွင်မျက်နှာပျက်ခဲ့ရသည့် အပြင် မီးနန်းဆောင်၏ အဖွဲ့ဝင်တချို့မှာလည်း သူမအား ယခင်ကကဲ့သို့

ကြောက်ရွံ့ရိုသေခြင်း မရှိကြတော့ပေ။ ယခု သူမသည် မီးနန်းဆောင်၏ လက်ထောက်ခေါင်းဆောင်တစ်ယောက်ပင် မဟုတ်တော့။ ကံကြမ္မာသည် သူမအပေါ်ကျီစယ်နေသလား ထင်ရအောင်ပင် ရက်စက်လွန်းလှသည်။

လုရှောင်းမှာ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ “လောလောဆယ် ငါတို့လုပ်နိုင်တာဘာမှမရှိသေးဘူး။ မင်းတို့က ကျင်းရှန်းကောင်းကင်ဂိုဏ်းက တပည့်တွေဆိုတော့ အရင်ကတည်းက သူများတွေထက် မြှောက်စားခံလာရတာပဲလေ။ ငါလည်းမင်းတို့တွေအတွက် ကျင့်ကြံခြင်းအရင်းအမြစ်တွေ ဒီလောက်ပေးနေတာတောင် မင်းတို့က သူများတွေကို ရှုံးလာသေးတယ်။ အဲ့ဒါ မင်းတို့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်လိုက်ကြတော့။”

“ပြီးတော့ မင်းတို့ရဲ့ အပြုအမူတွေကို ထိန်းဖို့ ငါအတန်တန် သတိပေးနေတယ်နော်။ အခု အခြေအနေက အရင်ကနဲ့ လုံးဝမတူတော့ဘူး။ ဇူယွမ်က သူတော်ကောင်းကြီး မဟုတ်ဘူး။ ဒါကြောင့် မင်းတို့က သူကို သွားမရှုပ်သမျှ သူကဘာမှအရင် ဒုက္ခပေးမှာ မဟုတ်ဘူး။ သူရဲ့ရည်ရွယ်ချက်က နယ်မြေကိုးခုတွေဆုံပွဲပဲ။ အဲ့ဒါကြောင့် သူက ငါတို့ကို လိုအပ်တာမို့လို့ သူဘက်ကစပြီးတော့ တရားလွန်တာတွေ လုပ်မှာမဟုတ်ဘူး။ မင်းတို့ဘက်ကသာ ကိုယ့်ကိုယ်ကိုထိန်းကြ။”

“အရင်တုန်းက ငါရှိနေရင် မင်းတို့လုပ်ချင်တာ လုပ်လို့ရမယ်ဆိုပြီး ထင်ခဲ့ကြတယ်မလား။ ဒါပေမယ့် ငါပြောလိုက်မယ်…အခုအချိန်ကစပြီး ငါမင်းတို့ကို ကာကွယ်ပေးနိုင်တော့မှာ မဟုတ်ဘူး။”

ကျိုယာမှာ နှုတ်ခမ်းကို နာနာဖိကိုက်လျက် ယုံကြည်ချက်များ ပျောက်ဆုံးနေသော လုရှောင်း၏ မျက်ဝန်းအစုံအား စိတ်ပျက်စွာ ကြည့်ရှုလိုက်မိသည်။ ထို့နောက် စကားတစ်ခွန်းနှင့်အတူ ထွက်ခွာသွားတော့သည်။ “အကိုတော်က ပြောင်းလဲသွားပြီပဲ။”

ကျူးလျန်မှာလည်း သက်ပြင်းချကာ ကျိုယာနောက်မှ လိုက်ပါသွားလေသည်။

လုရှောင်းမှာ ၎င်းတို့ထွက်ခွာသွားသည်ကို ကြည့်ရှုနေပြီးနောက် ခုံပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ ကျိုယာပြောခဲ့သလိုပင် သူ၏ယုံကြည်ချက်များအားလုံးမှာ ရှုံးနိမ့်မှုနှင့်အတူ ပျောက်ကွယ်သွားခဲ့လေပြီ။ ပုံမှန်အတိုင်းဆိုပါက ဇူယွမ်အား ဒေါသထွက်မိမည် ဖြစ်ပါသော်လည်း ယခုတွင်မူ ကိုယ့်ကိုယ်ကိုသာ အပြစ်တင်သင့်ကြောင်း နားလည်သဘောပေါက်သွားခဲ့သည်။

ဇူယွမ်မှာ မြွေအသူရာကိုသာ မသတ်ပေးခဲ့ပါက ယခုအချိန်တွင် မြွေအသူရာမှာ သူ၏စိတ်ဝိညာဉ်အား ဝါးမြို၍ သူ၏ခန္ဓာကိုယ်အား အပိုင်စီးထားလောက်ပြီးဖြစ်သည်။ ထိုအဖြစ်အပျက်မှာ သူအား အလွန်တုန်လှုပ်စေခဲ့သည်။ စင်စစ်အားဖြင့် သူသည် ဇူယွမ်အား ကျေးဇူးပင်တင်သင့်သေးသည်။

“ဟူး…”

လုရှောင်းမှာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ဇူယွမ်သည် နယ်မြေကိုးခုတွေ့ဆုံပွဲအပေါ် အလွန်အလေးအနက်ထားပြီး သူထင်ထားသည်ထက်ပင် ပို၍ရည်ရွယ်ချက်ကြီးမားနေသည်။

သို့သော်…

နယ်မြေကိုးခုတွေ့ဆုံပွဲသည် လွယ်ကူသောအရာတစ်ခု မဟုတ်ပေ။

လုရှောင်းသည်ပင် ထိုတွေ့ဆုံပွဲ၌ ထွက်ပေါ်လာတတ်သော ကြောက်မက်ဖွယ်ရာ တိုက်ပွဲစွမ်းရည်ရှိသည့် ကျင့်ကြံသူများကို ရင်ဆိုင်ရန်

အရည်အချင်းမရှိပေ။ သူသည် မျက်ဝန်းများကိုပိတ်လျက် တိုးညင်းစွာ ရေရွတ်လိုက်သည်။

"ဇူယွမ်...မင်းကတကယ် ရည်မှန်းချက်ကြီးတာပဲ။ မင်းရဲ့ဦးဆောင်မှုအောက်မှာ ငါတို့ဘယ်လို ရလာဒ်မျိုး ထွက်လာမလဲ စောင့်ကြည့်လိုက်ဦးမယ်။"

"မင်းမအောင်မြင်ခဲ့ရင်တော့ ငါ့ကိုအပြစ်မဆိုနဲ့ပေါ့။"

---

အပိုင်း ( ၈၉၈ ) : ကျင့်စဉ်တစ်သောင်းခန်းမ

"အခြေအနေက မဆိုးဘူးပဲ။"

ဇူယွမ်မှာ စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။ ထို့နောက် ပြုံးလိုက်ရင်းဖြင့် ရှိချိုးရှယ်ထံမှ မီးနန်းဆောင်နှင့် တောင်တန်းနန်းဆောင်တို့မှ သတင်းပေးမှုကို ယူလိုက်သည်။ ယခုတစ်ခေါက်လုပ်ဆောင်ချက်သည်

အရေးကြီးသောကြောင့် ဆန့်ကျင်မှုများ အလွန်များပြားလာမည်ကို စိုးရိမ်နေခဲ့ရသည်။

ကျင်းရှန်းကောင်းကင်ဂိုဏ်းသည် သူ့အပေါ် အတော်လေး အလိုမကျဖြစ်နေသည် မဟုတ်ပါလော။ ကံကောင်းထောက်မစွာဖြင့် ရလာဒ်မှာ အတော်ပင်အဆင်ပြေနေခဲ့ပြီး လုရှောင်းမှာ မီးနန်းဆောင်တစ်ခုလုံးကို ထိန်းချုပ်ထားရန် မည်သို့မျှ မဖြစ်နိုင်တော့ပေ။

ရိချိုးရှယ်မှာ ခေါင်းညိတ်ပြလိုက်ပြီးနောက် နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။ “ဒါနဲ့ လုရှောင်းက ဘာမှကို ဝင်မရှုပ်တော့ဘူးနော်။ သူသာဝင်ပါရင် ဒီလောက်အဆင်ပြေပြေနဲ့ ပြီးသွားမှာ မဟုတ်ဘူး။ ရှင့်ဆီက သေအောင်အရိုက်ခံလိုက်ရလို့ ကြောက်သွားတာများလား။”

ဇူယွမ်မှာ ခပ်ဖွဖွ ရယ်မောလိုက်ပြီးနောက်_ “လုရှောင်းက သူ့ရဲ့ဘောကြောင်တဲ့သူ မဟုတ်ပါဘူး။”

လုရှောင်း၏ခန္ဓာကိုယ်ထဲမှ ခေါင်းကိုးလုံးမြွေအသူရာအား အပြီးတိုင် ဖျက်စီးပေးလိုက်သောကြောင့် သူ့အပေါ် ဆန့်ကျင်ခြင်းရော၊ ထောက်ခံခြင်းပါ မပြုလုပ်တော့ခြင်းဖြစ်သည်။ ခေါင်းကိုးလုံးမြွေအသူရာသည် လုရှောင်းနှင့်

ပေါင်းစည်းသွားခဲ့သောကြောင့် မဖယ်ရှားပစ်နိုင်ပါက အနာဂတ်တွင် လုရှောင်း၏ စိတ်ဝိညာဉ်ကို ဝါးမြိုသွားပြီးနောက် ခန္ဓာကိုယ်အား အပိုင်စီးသွားပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် လုရှောင်းမှာ စိတ်ဝိညာဉ်ကျင့်ကြံသူမဟုတ်သောကြောင့်ပင်။

သို့သော် ဇူယွမ်၏ နဂါးဒေါသမှာ ခေါင်းကိုးလုံးမြွေအသူရာထက် လွန်စွာပို၍ ကြီးကျယ်မြင့်မြတ်သော ဖြစ်တည်မှုတစ်ခု ဖြစ်နေခဲ့သည်။ ထို့ကြောင့် လုရှောင်းမှာ ဆိုးရွားစွာ ဒဏ်ရာရရှိခဲ့ပါသော်လည်း ခေါင်းကိုးလုံးမြွေအသူရာ၏ ဝါးမြိုခံရမည့် အနာဂတ်မှ လွတ်မြောက်သွားခဲ့သည်။ တနည်းဆိုသော် ထိုသည်မှာ ကြီးမားသော ကျေးဇူးကြွေးဟု ဆိုနိုင်သည်။

လုရှောင်းအနေဖြင့် ဇူယွမ်အား ကျေးဇူးတင်ကြောင်းကို ဖော်ပြရန် မဖြစ်နိုင်ပါသဖြင့် ဆန့်ကျင်ခြင်းရော၊ ထောက်ခံခြင်းပါ မပြုလုပ်ရန် ရွေးချယ်လိုက်ခြင်းပင်။ ထိုသို့မဟုတ်ပါက ဇူယွမ်အတွက် မီးနန်းဆောင်အား ခွဲထုတ်ပစ်ရန် ယခုထက်ပို၍ ခက်ခဲနေရလိမ့်မည်။ လုရှောင်းသည် မီးနန်းဆောင်အပေါ် နှစ်ပေါင်းများစွာ လွှမ်းမိုးမှု ရှိလာခဲ့သည် မဟုတ်ပါလော။

“ချိုးရွှယ်…နန်းဆောင်လေးခုကို ဆက်ပြီးစောင့်ကြည့်ထားပေးပါဦး။”
ဇူယွမ်မှာ မတ်တပ်ရပ်လိုက်ပြီးနောက် ရိချိုးရွှယ်အားကြည့်၍ ပြုံးကာ ပြောလိုက်သည်။

ရှုံးရှီခေါင်းဆောင် ဖြစ်ဖြစ်လာချင်း ဇူယွမ် ပထမဆုံး လုပ်ဆောင်ခဲ့သည်မှာ ရိချိုးရွှယ်အား လေနန်းဆောင်မှ ခေါ်ထုတ်ကာ သူ့အနားတွင် ခေါ်ထားလိုက်ခြင်း ဖြစ်သည်။ ရှုံးရှီခေါင်းဆောင်နေရာသည် လေနန်းဆောင်၏ ခေါင်းဆောင်ဖြစ်ရသည်ထက် အဆပေါင်းများစွာ ပို၍ရှုပ်ထွေးသည်။ ရိချိုးရွှယ်၏ အကူအညီသာ မရှိပါက ဇူယွမ်သည် အပူများကြား ပြာပင်ကျနေလောက်လေပြီ။

ရိချိုးရွှယ်သည် ခြေတပြင်ပြင် ဖြစ်နေသော ဇူယွမ်အား ကြည့်ကာ စကားဆိုလိုက်သည်။ “အခုဘယ်ကို ကြွဦးမလို့လဲ။”

ဇူယွမ်မှာ မျက်နှာငယ်လေးဖြင့် သနားစဖွယ် ပြောလိုက်သည်။
“ကျင့်စဉ်တစ်သောင်းခန်းမကနေ သူတော်စင်ကျင့်စဉ်ငယ် သွားယူဦးမယ်လေ သခင်မလေး ရိချိုးရွှယ်ရဲ့။ အရင်ရက်တွေက တအားအလုပ်တွေရှုပ်နေလို့ ကျွန်တော်မျိုး ခုထိသွားမယူရသေးပါဘူး။ အခုတော့ တစ်ချက်လောက် သွားပါရစေနော်။”

ရိချိုးရွယ်မှာ နှာခေါင်းတစ်ချက်ရှုံ့ကာ ခေါင်းညိတ်သဘောတူလိုက်ရသည်။

ဇူယွမ်မှာ ဗိုခနဲဆိုသလို ကျင့်စဉ်တစ်သောင်းခန်းမထံ ပျံသန်းသွားတော့သည်။

……….

ကျင့်စဉ်တစ်သောင်းခန်းမသည် ထျန်းယွမ်ရှန်းဟွ၏ ဗဟိုချက်နေရာတွင် တည်ရှိသည်။ ထိုခန်းမသည် အရေးကြီးသော နေရာတစ်ခု ဖြစ်သောကြောင့် သာမန်လူများအား ဝင်ရောက်ခွင့် မပေးထားပေ။ အမတော်ချီကျင့် ပေးအပ်ထားသော တံဆိပ်ပြားကြောင့်သာ ဇူယွမ်မှာ ခန်းမရှေ့သို့ ချောမွေ့စွာ ရောက်ရှိလာနိုင်ခြင်းဖြစ်သည်။ ထိုသည်ကိုပင် လမ်းတလျှောက် အစောင့်များ၏ တားဆီးမေးမြန်းခြင်းအား နှစ်ကြိမ်တိတိ ခံခဲ့ရသေးသည်။

ကျင့်စဉ်တစ်သောင်းခန်းမ ရှိရာကျွန်း၏ အလယ်တွင် ကြီးမားလှသော ခန်းမဆောင်ကြီးတစ်ခု ရှိသည်။ ရှေးဟောင်းသံစဉ်များမှာ ပတ်ဝန်းကျင်တစ်ခွင် ပဲ့တင်ထပ်နေပြီး သက်တမ်းအတော်ပင် ရင့်ကြာနေပုံ ရသည်။

ဇူယွမ်မှာ ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုနေမိသည်။ အလွန်ကြောက်မက်ဖွယ်ကောင်းသော မှော်စာလုံး အကာအရံများ၏ စွမ်းအင်ကို အာရုံခံမိနေပြီး ရင်းမြစ်ခြေတည် အဆင့်များပင် မလွတ်မြောက်နိုင်လောက်ဟု ခံစားနေရသည်။

"ဒီအကာအရံတွေကို ဆရာသခင်ကိုယ်တိုင် လုပ်ထားတာလေ။"

ရင်းနှီးသော အသံတစ်ခု ထွက်ပေါ်လာသည်။ ဇူယွမ်မှာ လှည့်ကြည့်လိုက်သောအခါ ပြုံးရွှင်နေသော ချီကျင့်သခင်မကို တွေ့လိုက်ရသည်။

ဇူယွမ်မှာ ပတ်ဝန်းကျင်အား စစ်ဆေးနေသောကြောင့် ချီကျင့်သခင်မမှာ လက်ကိုခါယမ်းကာ ပြောလိုက်သည်။ "ငါ့ရဲ့ လောကသစ်ထဲကို ရောက်နေပြီ။ ဘယ်သူမှ ငါတို့ပြောတာကို ကြားနိုင်မှာ မဟုတ်ဘူး။"

ဇူယွမ်မှာ အမတော်ချီကျင့်၏ လောကသစ်ထဲ ဝင်ရောက်သွားသည်ကိုပင် အနည်းငယ်မျှ သတိမထားမိ လိုက်သောကြောင့် ထိတ်လန့်သွားရသည်။ လောကကိုကြီးစိုးခြင်းအဆင့်မှာ အမှန်တကယ် ကြောက်မက်ဖွယ် ကောင်းလှသည်။ အမတော် ချီကျင့်မှာ သူ့အား သတ်ဖြတ်လိုပါက မည်သူမှပင်

သိလိုက်မည် မဟုတ်ပေ။ ဇူယွမ်မှာ အတွေးများကို ထုတ်ပစ်ကာ ပြုံးလိုက်သည်။ "အမတော်ချီကျင့်..."

ချီကျင့်သခင်မမှာ ပြုံးကာပြောလိုက်သည်။ "နင်က တကယ်တော်တာပဲ။ နန်းဆောင်လေးခုလုံးကို စပြီးထိန်းချုပ်နိုင် သွားပြီဆို။"

ဇူယွမ်မှာ သူမ၏ ဆရာတူမောင်တော် ဖြစ်သောကြောင့် ရှုံးရှီခေါင်းဆောင် ဖြစ်ဖြစ်ခြင်း ပြဿနာတချို့ ကြုံတွေ့ရမည်ကို စိုးရိမ်သဖြင့် နန်းဆောင်လေးခုအား အဆက်မပြတ် စောင့်ကြည့်နေခဲ့သည်။ သို့သော် ဇူယွမ်မှာ အံ့အားသင့်စရာကောင်းလောက်အောင်ပင် ဆုပေးဒဏ်ပေးစနစ်ကို သုံးကာ မီးနန်းဆောင်နှင့် တောင်တန်းနန်းဆောင်တို့အား လျင်မြန်စွာ ထိန်းချုပ်ပစ်နိုင်ခဲ့သည်။

ဇူယွမ်မှာ နှိမ့်ချဟန်ဖြင့် ပြုံးပြလိုက်သည်။

ချီကျင့်သခင်မ စကားဆက်လိုက်သည်။ "လုရှောင်းကို နိုင်သွားပေမယ့် အဆင့်ဆယ်လေးပဲရတာကို စိတ်မတို ဘူးလား။"

ဇူယွမ်မှာ တည်ငြိမ်စွာပင် ခေါင်းကို ခါယမ်းလိုက်သည်။ "အဆင့်တွေက အရေးမပါပါဘူး။ အဆင့်နိမ့်တော့ ပိုတောင်ကောင်းသေးတယ်။ သူများတွေက ကျွန်တော့်ကို အထင်သေးတာပေါ့။"

"နင်ကတော်တော်ပွင့်လင်းတဲ့ ကောင်လေးပဲ။" ချီကျင့်သခင်မ သဘောကျစွာဖြင့် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သက်ပြင်းချကာ စကားဆိုလိုက်သည်။ "ဒါပေမယ့် ထျန်းယွမ်နယ်မြေအတွက်တော့ မကောင်းဘူးလေ။ ရွှမ်းကျီနယ်မြေက အဲ့ကလေးမက အညှာတာကို မရှိဘူး။ နယ်မြေကိုးခုတွေ့ဆုံပွဲမှာ အဲ့ကလေးမကို တွေ့ရင် ငါ့အစား ပညာပေးခဲ့စမ်းပါ။"

ဇူယွမ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ သူ၏အမတော်မှာ ရွှမ်းကျီနယ်မြေမှ ကျူးကုံအား ရည်ညွှန်းနေခြင်းပင်။ လောကကိုကြီးစိုးခြင်း အဆင့်ရှိသည့် သူ၏အမတော်မှာ နတ်ဘုံခန်းဝါ အဆင့် ကျင့်ကြံသူတစ်ယောက်အား အငြိုးထားလိမ့်မည်ဟု မထင်ထားမိခဲ့ပေ။ ထို့နောက် ဇူယွမ်က_ "နယ်မြေကိုးခုတွေ့ဆုံပွဲအတွက် အချိန်စာရင်းထွက်ပြီလား။"

"အဲ့ဒါကို ဆွေးနွေးနေကြပြီ။ နောက်လလောက်နေရင် ရက်အတိအကျ ထွက်လာလိမ့်မယ်။" ချီကျင့်သခင်မသည် ဇူယွမ်အားကြည့်ကာ

ပြောလိုက်သည်။ "နင့်အတွက် လေ့ကျင့်ချိန်များများရဖို့ ဆုတောင်းနေသင့်တယ်။ အခု နင့် အခြေအနေနဲ့ နယ်မြေကိုးခုတွေ့ဆုံပွဲမှာ အဆင်မပြေနိုင်ဘူး။ လုရှောင်းကို နိုင်ရုံလောက်နဲ့တော့ တခြားနယ်မြေက ထိပ်သီးအဆင့် ကျင့်ကြံသူတွေကို ယှဉ်နိုင်မှာ မဟုတ်ဘူး။" သူမသည် ဖူယွမ်အား စိုးရိမ်နေခြင်းပင်။

ဖူယွမ်မှာ ခေါင်းညိတ်ပြလိုက်သည်။ မည်သို့ပင်ဆိုစေကာမူ သူ့အနေဖြင့် ကြောက်ရွံ့စိတ် အနည်းငယ်မျှမရှိ။ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းတွင် ထိပ်သီးအဆင့် ရောက်ရှိနေသူများသည် နိဗ္ဗာန်ကိုးခုလုံးကို ချိတ်ဆက်ပြီးကြသူများဖြစ်သည်။ သူသာနိဗ္ဗာန်ကိုးခုလုံးကို ချိတ်ဆက်နိုင်သွားပါက ၎င်းတို့အား ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ယုံကြည်ချက်ရှိသည်။

"အဲ့ဒါကြောင့်ပဲ အချိန်ရတုန်းလေး ဆုအပြေးလာယူတာလေ။" ဖူယွမ်မှာ ရယ်မောရင်း ပြောလိုက်သည်။ သူသည် သူတော်စင်ကျင့်စဉ်ငယ်အား လေ့လာကျင့်ကြံရန် ရည်ရွယ်ထားပြီး  ကျန်ရှိနေသော လိပ်ပြာမှော်စာလုံးနှစ်ခုကိုလည်း တတ်နိုင်သမျှ အမြန်ဆုံး ရယူရန် တွေးတောထားသည်။ ထိုအရာများအားလုံး ပြီးမြောက်သွားပါက သူ၏တိုက်ပွဲစွမ်းရည်မှာ အတော်ပင် တိုးတက်သွားပေ လိမ့်မည်။

ချီကျင့်သခင်မ ခေါင်းညိတ်ပြလိုက်သည်။ “ကျင့်စဉ်တစ်သောင်းခန်းမက ဆရာသခင်ကိုယ်တိုင် ဆောက်ခဲ့တာ။ ဒီမှာ ရှိတဲ့ အကာအရံတွေအားလုံး ဆရာ့လက်ရာတွေချည်းပဲ။” ထိုစကားနှင့်အတူ ချီကျင့်သခင်မမှာ ခန်းမဆီသို့ လျှောက်လှမ်းသွားလိုက်သည်။ “ငါ့နောက်လိုက်ခဲ့။ ဒီနှစ်တွေထဲမှာ အရှင်မမုနီက ခန်းမကို စောင့်ရှောက်ပေးနေတာ။ သူတော်စင်ကျင့်စဉ်ငယ်ကိုယူဖို့ သူမနဲ့တွေ့ရလိမ့်မယ်။”

“သူမကို စိတ်မရှုပ်အောင်တော့ လုပ်ဖို့လိုတယ်။ သူမ သဘောကျရင် ကောင်းတဲ့ သူတော်စင်ကျင့်စဉ်ငယ်ကို ရလိမ့်မယ်။ သူတော်စင်ကျင့်စဉ်ငယ်တွေမှာလည်း အဆင့်သတ်မှတ်ချက်တွေ ရှိတာကိုတော့ နင်သိတယ်မလား။”

---

အပိုင်း ( ၈၉၉ ) : လောကအမြုတေ

ဇူယွမ်မှာ အမတော် ချီကျင့်၏နောက်မှ လိုက်ပါလာရင်း ကျင့်စဉ်တစ်သောင်းခန်းမတလျှောက် ရှေ့ဟောင်းတံခါးချပ်များကြား သေးငယ်သော လေဟာနယ်များ ရှိနေသည်ကို ခံစားနေမိသည်။ ကျင့်စဉ်တစ်သောင်းခန်းမသည် သစ်သားဖြင့်ဆောက်လုပ်ထားသော

စာကြည့်ခန်းပုံစံဖြစ်ကာ အတော်ပင် သက်တောင့်သက်သာဖြစ်စေသော ပတ်ဝန်းကျင်တစ်ခု ဖြစ်သည်။

စာကြည့်ခန်းအတွင်း အစိမ်းရောင်ဝတ်စုံ ဆင်မြန်းထားသော လှပလွန်းသည့် အမျိုးသမီးမှာ ၎င်းတို့အား လှမ်း၍ပြုံးပြနေသည်။ ချီစွမ်းအင်ကို အနည်းငယ်မျှ မခံစားမိပါသော်လည်း ထိုအမျိုးသမီးထံမှ ပြင်းထန်လှသော ဖိအားကို ခံစားမိနေသည်။

အားကောင်းလှသော ဖိအားကြောင့် ဇူယွမ်မှာ အတော်ပင် အဆင်မပြေဖြစ်နေရသည်။ လောကကိုကြီးစိုးခြင်းအဆင့်မှာ အမှန်တကယ်ပင် ကြောက်မက်ဖွယ် ကောင်းလွန်းလှသည်။ အနီး၌ရှိနေရုံဖြင့် ၎င်းတို့၏ လောကသစ်အတွင်း ပိတ်မိတော့မည့်အလား ခံစားနေရသည်။

ထိုလောကသစ်အတွင်းတွင် ပိုင်ရှင်မှာ နတ်ဘုရားဖြစ်ကာ ပိတ်ခံရသူမှာ ပုရွက်ဆိတ်တစ်ကောင် သာသာပင် ဖြစ်သည်။ လောကသစ်အတွင်း ပိတ်မိသူသည် သတ်သေရန်ပင် မဖြစ်နိုင်ပေ။ မိမိ၏ အသက်ကိုပင် မထိန်းချုပ်နိုင်တော့ပဲ လောကသစ် သခင်၏ စေစားရာအတိုင်းသာ ပြုမူရပေလိမ့်မည်။

ဇူယွမ်တို့အား ပြုံးပြနှုတ်ဆက်နေသော လှပလွန်းသည့် အမျိုးသမီးမှာ အရှင်မ မုနီပင်။

“သေနာပတိ မုနီ…ရှုံးရှီခေါင်းဆောင် အသစ်လေးကို သူတော်စင်ကျင့်စဉ်ငယ်ပေးဖို့ ကျွန်မ ဒီကိုခေါ်လာခဲ့တာ။” အရှင်မ မုနီအားကြည့်ကာ ချီကျင့်သခင်မ စကားဆိုလိုက်သည်။

အရှင်မ မုနီမှာ ခေါင်းညိတ်ပြပြီးနောက်_ “ဒီကလေးက တော်တော်စိတ်ရှည်တာပဲ။ ပုံမှန်အတိုင်းဆို ပြိုင်ပွဲပြီး နောက်နေ့ဆိုတာနဲ့ သူတို့ဘာသာကို ရောက်လာကြတာ။ ဒီအလေးကတော့ ရက်တော်တော်ကြာကြာတဲ့ထိကို မလာပဲ နေနိုင်တာပါလား။”

ဇူယွမ်မှာ စိတ်ကသိကအောက်ဖြစ်စွာ ပြုံးလိုက်မိသည်။ စင်စစ်အားဖြင့် သူသည်လည်း သူတော်စင်ကျင့်စဉ်ငယ်အား အခြားသူများကဲ့သို့ပင် အမြန်ဆုံး ရရှိချင်ခဲ့သည်။ သို့သော် နန်းတော်လေးခု၏ ပြဿနာများအား မဖြစ်မနေကိုင်တွယ်နေရသောကြောင့် ယခုမျှထိ ကြာမြင့်သွားရခြင်းပင်။

အရှင်မ မုနီမှာ သေနာပတိတစ်ဦး၏ မောက်မာခြင်းများ ရှိမနေပဲ ကြင်နာ နွေးထွေးသည့်ဟန် ရှိသည်။ သူမသည် ဇူယွမ်အား ကြည့်ကာ ပြုံးလိုက်၏။
“ချီကျင့် အမြင်က မဆိုးဘူးပဲ။”

အရှင်မ မုနီမှာ သူ့အား ချီကျင့်သခင်မ၏ လက်အောက်ခံဟု ထင်မြင်နေသောကြောင့် ရင်းရင်းနှီးနှီး ဆက်ဆံပေးနေပုံ ရသည်။ ဇူယွမ်မှာ မည်သည့်စကားမှ မတုံ့ပြန်တော့ပဲ ရိုးသားစွာသာ ပြုံးပြလိုက်သည်။

“အရှင်က ဘယ်သူတော်စင်ကျင့်စဉ်ငယ်ကိုမှ မကျင့်ဖူးသေးဘူးမလား။” အရှင်မ မုနီ မေးလိုက်သည်။

ဇူယွမ်မှာ ခေါင်းညိတ်ပြလိုက်သည်။။ ကျင့်စဉ်များသည် အဆင့်သတ်မှတ်ချက် အမျိုးမျိုး ခွဲခြားထားပြီး သူတော်စင်ကျင့်စဉ်ငယ်အား ကန့်ရွှမ်းကလန်၌ပင် မတွေ့ခဲ့ရဖူးပေ။ ကန့်ရွှမ်းကလန်တွင် သူတော်စင်ကျင့်စဉ်ငယ်အချို့ ရှိမည်မှာ သေချာပါသော်လည်း ထိုစဉ်က သူသည် မူလစဦးအဆင့်သာ ရှိခဲ့သောကြောင့် ထိုကျင့်စဉ်များကို လေ့လာသင်ယူရန် မဆင့်မမှီခဲ့။

“ပုံမှန်ကျင့်စဉ်နဲ့ သူတော်စင်ကျင့်စဉ်ငယ် ဒါမှမဟုတ် သူတော်စင်ကျင့်စဉ်တွေကြားက ကွာခြားချက်ကို သိလား။” အရှင်မ မုနီမှ ပြုံး၍မေးလိုက်သည်။

အရှင်မ မုနီမှာ ရှင်းပြလိုသဖြင့် ထိုသို့မေးမြန်းသည်ကို သိရှိနေသောကြောင့် ဇူယွမ် ခေါင်းခါပြလိုက်သည်။ “ကျွန်တော်က ငယ်သေးလို့နားမလည်ပါဘူး။”

“ကွာခြားချက်က ရိုးရိုးလေးပါ။ သူတော်စင်ကျင့်စဉ်ငယ် ဒါမှမဟုတ် သူတော်စင်ကျင့်စဉ်လိုမျိုး အဆင့်မြင့် ကျင့်စဉ်တွေကို ဖန်တီးမယ့်သူက အနည်းဆုံး လောကကို ကြီးစိုးခြင်းအဆင့် ရှိရမယ်။”

“သူတော်စင်အဆင့်ရှိတဲ့ ကျင့်စဉ်တွေက အရမ်းကိုစွမ်းအားကြီးလွန်းပြီး ကောင်းကင်ဘုံအဆင့်တွေမှာ မရှိတဲ့ စွမ်းအင်ဗဟိုချက် ရှိတယ်။ အဲ့ဒီစွမ်းအင်ဗဟိုချက်ကို လောကအမြုတေလို့ ခေါ်တယ်။”

“လောကအမြုတေ…” ဇူယွမ် အနည်းငယ် အံ့အားသင့်သွားရသည်။ သူတော်စဉ်ကျင့်စဉ်များ၏ မူလအရင်းအမြစ်အား ပထမဆုံးအကြိမ် ကြားသိရခြင်း ဖြစ်သည်။

“ဟုတ်တယ်။ လောကအမြုတေက လောကကိုကြီးစိုးခြင်းအဆင့်တွေအတွက် အရမ်းအရေးကြီးတယ်။ လောကသစ်ကို ဖန်တီးဖို့အတွက် လောကအမြုတေက မရှိမဖြစ်ပဲ။ လောကအမြုတေကို အသုံးချပြီး ဖန်တီးတဲ့ ကျင့်စဉ်တွေကပဲ သူတော်စင်အဆင့်ကျင့်စဉ်တွေ ဖြစ်နိုင်တာ။”

ဇူယွမ်မှာ တဖြည်းဖြည်းနှင့် နားလည်သဘောပေါက်လာရသည်။ လောကကိုကြီးစိုးခြင်းအဆင့် ရောက်မှသာ သူတော်စင်အဆင့်ကျင့်စဉ်များကို ဖန်တီးနိုင်သည်မှာ မထူးဆန်းတော့ပေ။ လောကအမြုတေသည် သူတော်စဉ်ကျင့်စဉ်များအတွက် စွမ်းအင်ဗဟိုချက်ဖြစ်၏။

“သူတော်စင်ကျင့်စဉ်တစ်ခုကို ဖန်တီးရင် လောကအမြုတေ စွမ်းအင်အများကြီးကို သုံးရတယ်။ အဲ့ဒါကြောင့် လောကကိုကြီးစိုးခြင်း အဆင့်တွေတောင်မှ သူတော်စင်အဆင့် ကျင့်စဉ်တွေကို တော်ရုံနဲ့ မဖန်တီးကြဘူး။ ဘာလို့လဲဆိုတော့ လောကအမြုတေက လောကကိုကြီးစိုးခြင်း အဆင့်တွေအတွက် အရမ်းအရေးကြီးတယ်လေ။”

“အဲဒါကြောင့် သူတော်စင်ကျင့်စဉ်ကို ယူမယ်ဆိုရင် အဲ့မှာပါတဲ့ လောကအမြုတေကို နားလည်မှ ရမယ်။ သေချာမှတ်ထားပါ။ လောကအမြုတေရဲ့ စွမ်းအင်တွေ ငြိမ်သက်မသွားခင် ခန္ဓာကိုယ်မှာ ကျင့်စဉ်အမှတ်အသားကို ဖန်တီးနိုင်ဖို့လိုတယ်။ ကျင့်စဉ်အမှတ်အသားကို

ဖန်တီးတာက မျိုးစေ့ချလိုက်တာနဲ့ အတူတူပဲ။ အဲ့အချိန်ကြရင် ချီစွမ်းအင်ကိုသုံးပြီး အမှတ်အသားကို ဆက်လက်ပျိုးထောင်ပေးလိုက်ရုံနဲ့ ကျင့်စဉ်ရဲ့စွမ်းအင်တွေကို ဖြည်းဖြည်းချင်းစီ ရလာလိမ့်မယ်။”

“လောကအမြုတေရဲ့ စွမ်းအင်တွေ ငြိမ်သက်သွားတဲ့အထိ ကျင့်စဉ်အမှတ်အသား မလုပ်နိုင်ခဲ့ရင်ရော။”

အရှင်မ မုနီမှာ တည်ငြိမ်စွာဖြင့် စကားဆိုလိုက်သည်။ “အဲ့လိုဆိုရင် မအောင်မြင်ဘူးပေါ့။ ကျင့်စဉ်တစ်သောင်းခန်းမမှာ သူတော်စဉ်ကျင့်စဉ်ငယ်ကိုသင်ဖို့ မင်းမှာ အခွင့်အရေး တစ်ခါပဲရှိတယ်။ မအောင်မြင်ဘူးဆိုရင် အရည်အချင်းနဲ့ ကံတရားက မလုံလောက်သေးဘူးလို့ပြောလို့ရတယ်။ အဲ့အတွက် ဘယ်သူ့ကိုမှ အပြစ်တင်လို့မရဘူး။ လောကကိုကြီးစိုးခြင်းအဆင့်တွေကလည်း မင်းရဲ့ကျင့်ကြံခြင်းကို ကူညီဖို့ လောကအမြုတေကို အလွယ်တကူ ဖြုန်းတီးပေးမှာ မဟုတ်ဘူး။”

ဇူယွမ်မှာ နှုတ်ခမ်းအား လျှာဖြင့်သပ်လိုက်မိသည်။ သူတော်စင်ကျင့်စဉ်များအား ကန်ရွှမ်းကလန်နှင့် ထျန်းယွမ်နယ်မြေတို့တွင် တင်းကြပ်စွာ ထိန်းချုပ်ထားသည်မှာ မထူးဆန်းတော့ပေ။

"မင်းကို ကျင့်စဉ်တစ်သောင်းခန်းမရဲ့ သူတော်စင်ကျင့်စဉ်တွေ ထားတဲ့နေရာကို ပို့ပေးလိုက်မယ်။ ကြိုက်တဲ့ကျင့်စဉ်ကို ရွေးလို့ရတယ်။ ရမရကတော့ မင်းရဲ့ကံတရားပေါ့။" အရှင်မ မုနီမှာ ပြောပြောဆိုဆိုဖြင့် လက်အားဝှေ့ယမ်းလိုက်သည်။

ဇူယွမ်မှာ မည်သည့်စကားမှ မဆိုနိုင်သေးခင်မှာပင် လေဟာနယ်တစ်ခုမှ သူ၏ပုံရိပ်အား ဝါးမြိုသွားတော့သည်။ အသက်ရှူချိန် အနည်းငယ်ကြာ အမှောင်ထုကြီးလွှမ်းမိုးနေပြီးနောက် ပတ်ဝန်းကျင်မှာ ချက်ချင်းဆိုသလို လင်းလက်သွားသည်။

ဇူယွမ်မှာ ကျောက်တုံးများ အဆင့်ဆင့် ရှိနေသော ရိုးရှင်းလွန်းလှသည့် ရှေ့ဟောင်းခန်းမတစ်ခုအတွင်း ရောက်ရှိနေသည်ကို တွေ့ရှိလိုက်ရသည်။ ကျောက်တုံးတစ်ခုစီတိုင်းတွင် အလင်းလုံးငယ်များရှိနေလေသည်။ သူသည် ကျောက်တုံးတစ်ခုပေါ်သို့ တက်သွားလိုက်သည်။ ထိုနေရာတွင် ရှိနေသော အလင်းလုံးငယ်သည် သွေးနီရောင်တောက်ပနေပြီး အတွင်း၌ မီးလျှံများမှာ ရှေ့ဟောင်းစာလုံးအဖြစ် ပုံပေါ်နေသည်။

"ကြယ်စင်ကိုးခု မီးလျှံသန့်စင်ခြင်းကျင့်စဉ်။"

သွေးနီရောင်တောက်ပနေသော အလင်းလုံးငယ်လေးအတွင်း ကြယ်စင်ကိုးခု မီးလျှံသန့်စင်ခြင်းဟု ခေါ်သည့် သူတော်စဉ်ကျင့်စဉ်ငယ် ပါဝင်နေခြင်းဖြစ်သည်။ လောင်ကျွမ်းနေသော မီးလျှံငယ်လေးမှာ အလွန်ပင်အားပြင်းလှပြီး သူ၏ကျင့်ကြံခြင်း အဆင့်ဖြင့်ပင် လိုက်မမှီနိုင်လောက်သည့် ခံစားချက်မျိုးကို ရရှိနေသည်။ ထိုသည်မှာ လောကအမြုတေ ဖြစ်နိုင်လောက်ပေသည်။

“ဒါတွေက သူတော်စဉ်ကျင့်စဉ်ငယ်တွေပေါ့။”

ဇူယွမ်၏ မျက်ဝန်းများမှာ လိုချင်ရမ္မက်ဖြင့် တောက်လောင်လာရသည်။ တွေ့မြင်ရုံနှင့်ပင် သူတော်စင်ကျင့်စဉ်ငယ်သည် ကန့်ရွှမ်းသိုင်းကျမ်းများထက် သာလွန်နေသည်ကို သိရှိနိုင်ပေသည်။ ဇူယွမ်မှာ အနည်းငယ်မျှ တွေဝေနေပြီးနောက် ကျောက်တုံးအဆင့် နောက်တစ်ဆင့်သို့ ဆက်လက်တက်လှမ်းသွားလိုက်သည်။
ကြယ်စင်ကိုးခုမီးလျှံသန့်စင်ခြင်းကျင့်စဉ်သည် ကောင်းမွန်ပါသော်လည်း သူ့အနေဖြင့် မည်သည့်ခံစားချက်မှ ရရှိခြင်းမရှိချေ။ ထို့ကြောင့် ရရှိခဲ့လျှင်ပင် သင်ယူနိုင်မည်မှာ မသေချာသောကြောင့် မစဉ်းစားတော့ခြင်းဖြစ်သည်။

ခန်းမအတွင်း သူတော်စင်ကျင့်စဉ်ငယ် သုံးဆယ့်ကိုးခုရှိသည်။ ဇူယွမ်မှာ မည်သည့်သူတော်စင် ကျင့်စဉ်ငယ်အား ရရှိနိုင်မည်နည်းဟု တွေးတောလျက် အလွန်စိတ်လှုပ်ရှားနေမိတော့သတည်း.....။

---

## အပိုင်း ( ၉၀၀ ) : သူတော်စင်ကျင့်စဉ်ငယ်အား ရွေးချယ်ခြင်း

ကြီးမားတိတ်ဆိတ်နေသော ခန်းမတစ်ခုအတွင်း၌

ဇူယွမ်မှာ တည်ငြိမ်စွာဖြင့် ကျောက်တုံးအဆင့်တစ်ခုစီအားတက်ကာ သူတော်စင်ကျင့်စဉ်ငယ်များကို လေ့လာနေလျက် ရှိသည်။ ၎င်းတို့၏ ကျင့်ကြံခြင်းလမ်းစဉ်များကို မဖတ်ရှုနိုင်ပါသော်လည်း ခံစားမိနေသော ကြောက်မက်ဖွယ်စွမ်းအားဖြင့်ပင် လောကအမြုတေအား လိုချင်တပ်မက်မိသည်။ သူတော်စင်ကျင့်စဉ်များကို လေ့လာနေရင်းဖြင့် ဇူယွမ်မှာ လောကကိုကြီးစိုးခြင်းအဆင့်ထိ တက်လှမ်းနိုင်ရမည်ဟု ရည်မှန်းချက် ချဖြစ်လိုက်သည်။ လုံးလဝီရိယဖြင့် ကြိုးစားလျှင် မအောင်မြင်နိုင်စရာ မရှိ။

ဇူယွမ်မှာ ထိုသို့တွေးနေရင်းဖြင့် ကျောက်တုံးအဆင့်တစ်ခုပေါ်သို့ တက်လှမ်းလိုက်သည်။ ထိုနေရာတွင်ရှိနေသော အလင်းလုံးငယ်အတွင်း အနက်ရောင်ချီစွမ်းအင်များ ဝေ့ဝဲနေပြီး လက်ဝါးအရွယ်ခန့်ရှိသော ကြေးမုံတစ်ချက်ကိုလည်း မြင်တွေ့လိုက်ရသည်။ အနက်ရောင် ချီစွမ်းအင်များကို သေချာစွာ ကြည့်ရှုပါက ရှေးဟောင်းစာလုံးများကို တွေ့နိုင်ပေသည်။

"ဆန်းကြယ်သော မိစ္ဆာကြေးမုံပြင်..."

ဇူယွမ်မှာ မျက်ဝန်းများ တောက်ပသွားရသည်။ ထိုကျင့်စဉ်သည် ကြေးမုံပြင်အတွင်း ပုံရိပ်ထင်နေသူအား ပုံတူကူးယူနိုင်သည်ဟု ဆိုထားသောကြောင့် အတော်လေး စိတ်ဝင်စားစရာ ကောင်းသည်။ ပုံရိပ်ထင်နေသူ၏ စွမ်းအင်ကိုပါ ပုံတူကူးနိုင်သည်ဟုလည်း ဆိုထားသေးသည်။

သို့သော်မည်မျှပင် ကောင်းမွန်နေပါစေ တစ်ဖက်လူ၏ တိုက်ပွဲစွမ်းရည်တစ်စွန်းတစ်စမျှကိုသာ ကူးယူနိုင်ပေလိမ့်မည်။ ဆန်းကြယ်သော မိစ္ဆာကြေးမုံပြင်သည် လူတစ်ဦး၏ စွမ်းအင်အကုန်အစင်အား ပြီးပြည့်စုံစွာ ကူးယူနိုင်လိမ့်မည်ဟု ဇူယွမ်မယုံကြည်ပေ။ အစစ်အမှန် သူတော်စဉ်ကျင့်စဉ်များသည်ပင် ထိုသို့ပြုလုပ်နိုင်မည့်

စွမ်းရည်မရှိလောက်ချေ။ ထို့ကြောင့် သက်ပြင်းချကာ
ဆက်လက်လျှောက်လှမ်းခဲ့လိုက်သည်။

ဇူယွမ်မှာ သူတော်စင်ကျင့်စဉ်ငယ်များအား တစ်ခုချင်းစီ
လိုက်လံကြည့်ရှုနေသည်။ ကျင့်စဉ်တစ်သောင်းခန်းမတွင်
ထိန်းသိမ်းထားသော သူတော်စင်ကျင့်စဉ်များသည် ပြင်ပကမ္ဘာ၌ တွေ့မြင်ရန်
ရှားပါးလှသည်။

"ငှက်ကိုးကောင်ယပ်တောင်..."

"လီဟုန်ကောင်းကင်လွှာ..."

"ပေမင်ကျယ်ခားပုရပိုက်..."

"........."

အချိန်အတော် ကြာသွားသည့်တိုင်အောင် ဇူယွမ်မှာ မရပ်မနားပဲ
ဆက်လက်လျှောက်လှမ်းနေဆဲ ဖြစ်သည်။ သူသည်အလွန်ပင်

စိတ်လှုပ်ရှားနေပြီး ကျင့်စဉ်များအားလုံးကို ယူဆောင်သွားလိုစိတ်ပင် ဖြစ်နေမိသည်။ သူတော်စင်ကျင့်စဉ်အား အလွန်အမင်း လိုချင်နေပါသော်လည်း ယခုအချိန်ထိ မရွေးချယ်ရသေးပေ။

သူသည် အလောတကြီး ဆုံးဖြတ်ခြင်းမျိုးမပြုလုပ်ပဲ စိတ်ရှည်ရှည်ထားကာ ကျင့်စဉ်ငယ်များအား လိုက်လံလေ့လာနေသည်။ ဤသို့ဖြင့် ခန်းမအဆုံးသို့ ရောက်ရှိလာသောကြောင့် ဇူယွမ်မှာ ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ ထိုနေရာတွင်ရှိသော အလင်းလုံးငယ်အတွင်း ရွှေရောင်းချီစွမ်းအင်များ လင်းလက်နေလျက် ရှိသည်။

“ကြီးမြတ်သော ဝိဉာဉ်နတ်ဘုရားကျင့်စဉ်…”

ဇူယွမ်မှာ နှုတ်ခမ်းအား လျှာဖြင့်သပ်လိုက်မိသည်။ ထိုသူတော်စင်ကျင့်စဉ်ငယ်သည် ခန္ဓာကိုယ်အား အရွယ်အစားကြီးမားစေနိုင်လေသည်။ ပတ်ဝန်းကျင်ရှိ ချီစွမ်းအင်များကို စုပ်ယူကာ ပေတစ်ရာ၊ ပေတစ်ထောင် သို့မဟုတ် ပေတစ်သောင်းကျော်ထိ ခန္ဓာကိုယ်အား ကြီးမားစေနိုင်သော ကျင့်စဉ်မျိုးပင်။ အဖျက်စွမ်းအင် အတော်ပြင်းထန်စေနိုင်မည့် သူတော်စင်ကျင့်စဉ်ငယ်ပင် ဖြစ်သည်။ တိုက်ပွဲအတွင်း အလွန်အသုံးဝင်နိုင်ပြီး တိုက်ပွဲစွမ်းရည်အား ကြောက်မက်ဖွယ်ကောင်းလောက်အောင် မြှင့်တင်ပေးနိုင်ပေလိမ့်မည်။

ဇူယွမ်မှာ ခေတ္တမျှ တွေဝေနေပြီးနောက် ယင်းသူတော်စင်ကျင့်စဉ်ငယ်အား ရွေးချယ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်မှာပင် စိတ်ထဲ၌ တစ်စုံတစ်ခုအား ခံစားမိလိုက်သည်။ ထို့နောက် လျှက်စီးလက်သံ၊ မိုးခြိမ်းသံများအား ခပ်ဖွဖွကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ ကျောက်တုံးအဆင့် အသစ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့ရှိလိုက်ရသည်။

ဇူယွမ်မှာ အနည်းငယ်နားမလည်နိုင် ဖြစ်သွားရသည်။ ခန်းမအတွင်း ဝင်ရောက်လာစဉ်က ကျောက်တုံးအဆင့် သုံးဆယ့်ကိုးခုသာ တွေ့ရှိခဲ့ရသည်။ ယခုကျောက်တုံးအဆင့်သည် မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကိုပင် မသိရှိလိုက်ရပေ။ အတွေးများစွာ တွေးတောမနေတော့ပဲ ထိုကျောက်တုံးအဆင့်ပေါ်သို့ ဖြည်းညင်းစွာ တက်လှမ်းသွားလိုက်သည်။

ကျောက်တုံးအဆင့်ပေါ်တွင်ရှိနေသော အလင်းလုံးငယ်အတွင်း လျှပ်စီးများစွာဖြင့် တောက်ပနေသည်ကို တွေ့ရှိလိုက်ရသည်။ ထိုလျှပ်စီးများသည် အဖြူနှင့်အမည်း ရောယှက်နေပြီး ဆန်းကြယ်စွာ ရင်းနှီးမှုနေသော ခံစားချက်ကိုလည်း ပေးစွမ်းနေသည်။ ထို့နောက် လျှပ်စီးများမှာ ရှေးဟောင်းစာလုံးများ အဖြစ်သို့ ပြောင်းလဲသွားသည်။

“ယင်းယန်လျှပ်စီးမှော်စာလုံး…”

……….

သစ်သားစာကြည့်ခန်းတွင် ရှိနေသော ချီကျင့်သခင်မနှင့် အရှင်မ မုနီတို့မှာ ကြေးမုံပြင်တစ်ချပ်အား ကြည့်ရှုနေကြသည်။ ကြေးမုံပြင်အတွင်း ကျင့်စဉ်ငယ်များကို လေ့လာနေသော ဇူယွမ်၏ ပုံရိပ်ကို မြင်တွေ့နိုင်ပေသည်။

“ဒီကလေးက တော်တော်ဂျီးများတာပဲ။” နေ့တဝက်မျှ ကြာမြင့်သည့်အထိ ဇူယွမ်မှာ လေ့လာနေဆဲဖြစ်သောကြောင့် အရှင်မ မုနီမှာ ခပ်ဖွဖွ ရယ်မောလိုက်မိသည်။

ချီကျင့်သခင်မမှ ပြုံးကာပြောလိုက်သည်။ “ဒေါ်လေးနီ…ဇူယွမ်က တကယ်ရည်းမှန်းချက်ကြီးတဲ့ ကလေးလေ။ နောက်ဆိုရင် လောကကိုကြီးစိုးခြင်း အဆင့်ထိတောင် ရောက်လာနိုင်တယ်။”

ချီကျင့်သခင်မနှင့် အရှင်မ မုနီသည် မိသားစုဝင်များကဲ့သို့ အလွန်ရင်းနှီးကြဟန်ရှိသည်။

“ညွန်းလှချည်လား။” အရှင်မ မုနီမှာ သဘောကျစွာ ရယ်မောလိုက်သည်။ “ထျန်းယွမ်နယ်မြေမှာ ပြန့်နေတဲ့ ကောလဟာလတွေက တကယ်ပဲလား။ ကြားမိတာက သူက နင့်ရဲ့ကောင်လေးဆို။”

ချီကျင့်သခင်မ၏မျက်နှာမှာ ရှုံ့မဲ့သွားရသည်။ “အဖိုးကြီး ရွှမ်ခွန်းက ကျွန်မကို သိက္ခာချဖို့ ပေါက်ကရတွေ လျှောက်ပြောထားတာ။ အဲ့တာတွေကို တကယ်ယုံမနေနဲ့။ အဖိုးကြီးက အကြံအစည်တွေ ခဏခဏပျက်တော့ ရူးသလို၊ ပေါသလို ဖြစ်နေတာ။”

အရှင်မ မုနီမှာ မယုံကြည်သလိုပြောလိုက်သည်။ “ဟုတ်ရောဟုတ်ရဲ့လား။ နင်တို့နှစ်ယောက်တစ်ခုခု ပက်သတ်နေတယ်ဆိုတာ ငါခံစားမိနေတယ်နော်။”

ချီကျင့်သခင်မမှာ တည်ငြိမ်စွာ တုံ့ပြန်လိုက်သည်။ “ဘာပတ်သက်ရမှာလဲ။ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံနေတဲ့ ကလေးတစ်ယောက်ကို ကျွန်မကြိုက်မယ်လို့ ဒေါ်လေးနီက တကယ်ထင်နေတာလား။”

သူမတို့နှစ်ဦး အနည်းငယ် စကားပြောဆိုကြပြီးနောက် ကြေးမုံပြင်ကိုသာ ဆက်လက်အာရုံစိုက် လိုက်ကြသည်။ ဇူယွမ်၏ ပုံရိပ်မှာ အလင်းလုံးငယ်တစ်ခုအား ရယူရန် လက်လှမ်းနေသည်ကို

မြင်တွေ့လိုက်ရသောအခါ ချီကျင့်သခင်မ မျက်လုံးများ ပြောက်တက်သွားရသည်။

"ကြီးမြတ်သော ဝိဉာဉ်နတ်ဘုရားကျင့်စဉ်...ဒီကောင်လေးက တော်တော်ကြမ်းတမ်းပါလား။"

ထိုအချိန်မှာပင် ကျောက်တုံးအဆင့် နောက်တစ်ခု ထွက်ပေါ်လာသည်ကို ကြေးမုံပြင်မှတဆင့် တွေ့ရှိလိုက်ရသည်။

"စိတ်ပြောင်းသွားပြန်တာလား။"

ထိုကျောက်တုံးအဆင့်ပေါ်တွင် အဖြူနှင့်အမည်း လျှပ်စီးများ ပါဝင်နေသော အလင်းလုံးငယ်အား တွေ့မြင်လိုက်ရချိန်တွင် ချီကျင့်သခင်မမှာ မျက်စိမျက်နှာ ပျက်သွားရသည်။ "ဒေါ်လေးနီ...အဲ့ကျင့်စဉ်ကို ဘာလို့ခန်းမထဲ ထားထားတာလဲ။"

"ဘာလို့လဲ။ အဲ့ဒါက သူတော်စင်ကျင့်စဉ်ငယ်ပဲလေ။ ပြဿနာတစ်ခုခုရှိလို့လား။" အရှင်မ မုနီမှာ ခပ်ဖွဖွ ပြုံးလိုက်သည်။

ချီကျင့် သခင်မမှာ မည်သည့်စကားမှ ပြန်မပြောနိုင်တော့ပေ။ ယင်းယန်လျှပ်စီးမှော်စာလုံးသည် အခြားသော သူတော်စင်ကျင့်စဉ်ငယ်များနှင့် ခြားနားသည်။ အခြားသော သူတော်စင်ကျင့်စဉ်ငယ်များသည် လောကကိုကြီးစိုးခြင်းအဆင့် ကျင့်ကြံသူများ ဖန်တီးထားခြင်း ဖြစ်ပါသော်လည်း ယင်းယန်လျှပ်စီးမှော်စာလုံးမှာ သူမတို့၏ ဆရာသခင်ဖြစ်သူ နယ်မြေအရှင်သခင် ကန်းယွမ်ကိုယ်တိုင် ဖန်တီးထားခြင်းကြောင့်ပင်။

ထို့အပြင် ယင်းကျင့်စဉ်အား မည်သူကမှ မကျင့်ကြံဖူးသေးပေ။ ထိုအချိန်က ချီကျင့်သခင်မမှာ လောကကိုကြီးစိုးခြင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် သူတော်စင်ကျင့်စဉ်ငယ်အား မလိုအပ်တော့သည့်အတွက် ၎င်းယင်းယန်လျှပ်စီးမှော်စာလုံးကျင့်စဉ်ကို ထိန်းသိမ်းပေးထားရန် အရှင်မ မုနီအား လွှဲအပ်ပေးခဲ့သည်။

အရှင်မ မုနီမှာ ဆရာသခင်ကိုယ်တိုင် ဖန်တီးထားသော ကျင့်စဉ်ဖြစ်သောကြောင့် မည်သူကိုမှ ထုတ်မပြခဲ့ပဲ ရတနာတစ်ခုကဲ့သို့ သိမ်းဆည်းထားခဲ့ပေလိမ့်မည်။ သို့သော် ယနေ့တွင်မူ ခန်းမအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဇူယွမ်အား ထုတ်ဖော်ပြသခြင်းဖြစ်နိုင်သည်။

ချီကျင့်သခင်မမှာ အတော်ပင် ခေါင်းကိုက်လာရသည်။ အရှင်မ မုနီသည် ဇူယွမ်အား စမ်းသပ်နေခြင်းပင်။ ဇူယွမ်၏ ဇစ်မြစ်အား သံသယဝင်နေပုံရသည်။

အရှင်မ မုနီမှာ လက်ဖက်ရွက်တစ်ရွက်အား ယူကာ ချေလိုက်ရင်းဖြင့် ပြုံးကာပြောလိုက်သည်။ “ကောင်မလေး…ဘာလို့ စိတ်လှုပ်ရှားသလို ဖြစ်နေတာလဲ။”

ချီကျင့်သခင်မမှာ ခြောက်သွေ့စွာ စကားဆိုလိုက်သည်။ “မ…မဟုတ်ပါဘူး။ ဘာလို့..ကျွန်မက စိတ်လှုပ်ရှားရမှာလဲ။”

“ဒါဆိုလည်း ပြီးတာပဲ။”

အရှင်မ မုနီမှာ ထိုင်ခုံပေါ်တွင်မှီချလိုက်သည်။ ကြေးမုံပြင်အားကြည့်ရှုနေသော သူမ၏မျက်ဝန်းများမှာ စိတ်ဝင်စားမှု အငွေ့အသက်များနှင့် တောက်ပနေလျက် ရှိသည်။ “ဒီကောင်လေးက ဟိုအဖိုးကြီးနဲ့ ကံစပ်တယ်ထင်တယ်။ ယင်းယန်လျှပ်စီးမှော်စာလုံးရဲ့ ထူးခြားမှုကို တော်ရုံတန်ရုံလူက အာရုံခံနိုင်မှာ မဟုတ်ဘူး။”

‘ဟိုအဖိုးကြီး’ဟု ဆိုလိုက်ချိန်တွင် အရှင်မ မုနီမှာ အံကြိတ်ထားခြင်းဖြစ်သည်။

ချီကျင့်သခင်မမှာ နှုတ်ခမ်းအစုံ ရှုပ်မဲ့သွားသည်။

ဒေါ်လေးနီက…တစ်ခုခုကို ရိပ်မိနေတာ သေချာတယ်…

---

အပိုင်း ( ၉၁၁ ) : ယင်းယန်လျှပ်စီးမှော်စာလုံး

“ယင်းယန်လျှပ်စီးမှော်စာလုံး…”

ဇူယွမ်မှာ အဖြူနှင့်အမည်း လျှပ်စီးများ ရောယှက်နေသော အလင်းလုံးငယ်ကို ကြည့်၍ရှုနေမိသည်။ အစောပိုင်းက သူတော်စင်ကျင့်စဉ်ငယ်များ အားလုံးထက် ပို၍အားကောင်းသော ခံစားချက်မျိုးကိုလည်း ရရှိနေသည်။ ဤယင်းယန်လျှပ်စီးမှော်စာလုံးသည် ပုံမှန်သူတော်စင်ကျင့်စဉ်ငယ်များထက် ပို၍ထူးခြားလိမ့်မည်မှာ သေချာပေသည်။

ဇူယွမ်မှာ ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်နေသည်။ ယင်းယန်လျှပ်စီးမှော်စာလုံးသည် သူ၏ဆရာသခင် ကန်းယွမ် ဖန်တီးထားခြင်းဖြစ်ကြောင်း မသိရှိပါသော်လည်း အမျိုးအမည်မသိ ထူးခြားသော ခံစားမှုကြောင့် တွေဝေမနေတော့ပဲ ရွေးချယ်လိုက်သည်။

"ဟူး…"

အသက်ရှူသံပြင်းပြင်းနှင့်အတူ ဇူယွမ်မှာ ဆုံးဖြတ်ချက်ပြတ်သားနေဟန်ဖြင့် အလင်းလုံးငယ်အား ထိတွေ့လိုက်တော့သည်။

အလင်းလုံးငယ်အတွင်း ဆွဲသွင်းခံလိုက်ရသောကြောင့် ဤကျင့်စဉ်နှင့်သူသည် ကံတရားချင်း နီးစပ်ပုံရသည်။ ထို့ကြောင့်အခွင့်အရေးအား အမိအရ ဆုပ်ကိုင်ထားရလိမ့်မည်။ ဇူယွမ်၏ လက်နှစ်ဖက်လုံးမှာ အလင်းလုံးငယ်အား ထိတွေ့ထားလျက်ရှိသည်။

ဝုန်း…

ဦးနှောက်အတွင်း ကျယ်လောင်စွာ ကြားလိုက်ရသော မိုးကြိုးပေါက်ကွဲသံက သူ၏စိတ်ကိုပင် တုန်လှုပ်သွားစေသည်။ ထို့နောက်

ကြယ်ရောင်စုံလင်းလက်နေသော ကောင်းကင်ကြီး၏ အောက်တွင် ပုံရိပ်တစ်ခုရှိနေသည်ကို တွေ့ရှိလိုက်ရသည်။ ပုံရိပ်သည် အသက်ကြီးနေပြီဖြစ်သော လူတစ်ယောက် ဖြစ်ပါသော်လည်း ရပ်နေရုံမျှဖြင့် ကောင်းကင်ကြီးတစ်ခုလုံးအား ပြိုကျသွားစေနိုင်မည်ဟု ထင်မှတ်ရလေသည်။

၎င်းထံမှ ထွက်ပေါ်နေသော စွမ်းအင်ဖိအားများမှာ အလွန်ပြင်းထန်ပြီး ဇူယွမ်သည်ပင် တောင့်မခံနိုင်လောက်အောင် ဖြစ်နေရသည်။ ထိုပုံရိပ်မှာ ရင်းနှီးနေသည်ဟု ခံစားမိနေသောကြောင့် မျက်ခုံးအစုံကိုပင် စုကျုံ့ထားလိုက်မိသည်။

ဇူယွမ်မှာ ထိုပုံရိပ်အား အရှေ့တည့်တည့်မှ မြင်တွေ့လိုက်ရချိန်တွင် မျက်ဝန်းများပင် ပြူးကျယ်သွားရ တော့သည်။

“ဆရာသခင် ကန်းယွမ်…”

ထိုအသက်ကြီးကြီးပုံရိပ်သည် အမှန်တကယ်ပင် ဆရာသခင် ကန်းယွမ်ဖြစ်နေသောကြောင့် ဇူယွမ် အံ့အားသင့်သွားရသည်။

“ယင်းယန်လျှပ်စီးမော်စာလုံးကို ဆရာသခင်ကိုယ်တိုင် ဖန်တီးခဲ့တာလား။ အဲ့ဒါကြောင့် ရင်းနှီးသလို ခံစားချက်မျိုး ရနေတာကိုး။” ဇူယွမ်မှာ ကူကယ်ရာမဲ့စွာ ရေရွတ်လိုက်မိသည်။ မည်သို့ပင်ဆိုစေကာမူ သူ့အလွန်ပျော်ရွှင်နေမိ၏။ အရှင်မ မုနီပြောပြချက်အရ သူတော်စင်ကျင့်စဉ်ငယ်များမှာ လောကကိုကြီးစိုးခြင်း အဆင့်ရှိသူများ၏ ဖန်တီးမှုများ ဖြစ်သည်ဟုပင်။ သို့သော် ယခုယင်းယန်လျှပ်စီးမော်စာလုံးကျင့်စဉ်အား နယ်မြေအရှင်သခင်ဖြစ်သူ ဆရာသခင် ကန်းယွမ်ကိုယ်တိုင် ဖန်တီးထားလေသည်။ ထိုအချက်တစ်ခုတည်းဖြင့်ပင် ဤကျင့်စဉ်သည် အခြားသူတော်စင် ကျင့်စဉ်ငယ်များနှင့် နှိုင်းယှဉ်ပါက…မဟုတ်…နှိုင်းယှဉ်၍ပင် မထိုက်တန်ချေ။

ကြယ်ရောင်စုံသည့် ကောင်းကင်အောက်တွင် ရှိနေသော ဆရာသခင် ကန်းယွမ်၏ ပုံရိပ်ယောင်သည် ချီစွမ်းအင်များအား စုစည်းကာ လျှပ်စီးအဖြစ် ပြောင်းလဲစေလိုက်သည်။ ထိုသည်မှာ မည်သည့်ထူးခြားမှုမှ မပါဝင်သော သာမန်ချီစွမ်းအင်လျှပ်စီးသာ ဖြစ်သည်။

ကန်းယွမ်၏ ပုံရိပ်ရောင်မှာ လျှပ်စီးများကို လက်ညှိုးတစ်ချောင်း အရွယ်အစားအထိ ကျုံ့ဝင်သွားစေသည်။ ထို့နောက် ဆံခြည်မျှင်ပမာဏအထိ ဆက်လက်ကျုံ့ဝင်သွားကာ ယန်ချီစွမ်းအင်များ ပျံ့နှံ့လာပြီး အဖြူရောင်အလင်းတန်းများ ထွက်ပေါ်လာသည်။

ဇူယွမ်မှာ အံ့အားသင့်စရာကောင်းသော ဆရာသခင်ဖြစ်သူ၏
နည်းလမ်းကြောင့် မျက်ဝန်းများ ပြူးကျယ်သွားရသည်။ သာမန်ချီစွမ်းအင်
လျှပ်စီးတစ်ခုအား ယန်(အပူဓာတ်)စွမ်းအင်များ ရောယှက်နေသော
သေးငယ်လှသည့် လျှပ်စီးတစ်ခုအဖြစ် ပြောင်းလဲလိုက်ခြင်းပင်။

ထိုယန်လျှပ်စီး၏ စွမ်းအင်သည် သာမန်ချီစွမ်းအင်လျှပ်စီးထက်
အဆပေါင်းများစွာ ပို၍သာလွန်နေသည်။ ထိုမျှနှင့် မပြီးသေးပဲ ကန်းယွမ်၏
ပုံရိပ်ယောင်မှာ မှော်စာလုံးများစွာကို ဖန်တီးလိုက်သည်။
ယင်းမှော်စာလုံးများသည် မိုးသီးမိုးပေါက်များအလား
ယန်စွမ်းအင်လျှပ်စီးအပေါ် ကျဆင်းလာတော့သည်။

ယင်းမှော်စာလုံးများမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်သွားပြီးနောက်
ယန်လျှပ်စီးအနီး အကာအကွယ်ကဲ့သို့ နယ်နမိတ်တစ်ခု ဖြစ်ပေါ်လာသည်။
ရှုပ်ထွေးလွန်းလှသော မှော်စာလုံးများ ချိတ်ဆက်နေပုံကြောင့် ဇူယွမ်သည်ပင်
အနည်းငယ်ခေါင်းကိုက်သွားရသည်။ အကာအကွယ်
နယ်နမိတ်တည်ဆောက်ပုံသည် နက်နဲသိမ်မွေ့လွန်းလှပြီး အလွှာအထပ်ထပ်
ဖြစ်ပေါ်နေသောကြောင့် နားလည်ရန် မလွယ်ကူပေ။

ဇူယွမ်မှာ မော်စာလုံးပညာရပ်တွင် အတော်လေး ထူးချွန်ပါသော်လည်း ထိုယန်လျှပ်စီးအား ကာကွယ်ပေးထားသော စာလုံးများ၏ ထူးခြားလှသော ချိတ်ဆက်ပုံကို နားမလည်နိုင် ဖြစ်နေရသည်။

ထိုအချိန်မှာပင် အကာအကွယ်အတွင်း ရှိနေသော ယန်လျှပ်စီး၏ ပြောင်းလဲမှုများကို သတိထားလိုက်မိသည်။ အလွှာအထပ်ထပ် ဖြစ်နေသော အကာအကွယ်များ ဖြစ်တည်မှု ပြီးဆုံးသွားခြင်းပင်။ ကန်းယွမ်၏ ပုံရိပ်ယောင်မှာ လက်ညှိုးဖြင့် ညွှန်လိုက်သည်နှင့် ထိုအကာအကွယ်အလွှာများမှာ ယန်လျှပ်စီးနှင့် တစ်သားတည်း ပေါင်းစည်းသွားသည်။

ဝုန်း…

ယန်လျှပ်စီးပေါ်တွင် ပေါက်ကွဲမှုများစွာ ဖြစ်ပေါ်လာသည်။ ထို့နောက် ယန်လျှပ်စီးအတွင်းမှ ယင်း(အအေးဓာတ်)ချီများ မွေးဖွားလာတော့သည်။ ယင်းချီနှင့်အတူ အနက်ရောင်အလင်းတန်းများ ထွက်ပေါ်လာကာ လျှပ်စီးမှာ အဖြူနှင့်အမည်း အဖြစ် ကွဲထွက်သွားသည်။

ကန်းယွမ်၏ ပုံရိပ်ယောင်မှာ အဖြူနှင့်အမည်းလျှပ်စီးအား ကောင်းကင်ထက်သို့ တက်သွားစေလိုက်သည်။ ၎င်းလျှပ်စီးမှာ ယင်းယန်နဂါးအလား ပေသောင်းချီထိ ကြီးမားသွားပြီးနောက် ကြယ်ရောင်စုံသော ကောင်းကင်ကိုပင် ကွဲအက်သွားစေသည်။ ယင်းယန်အမှတ်အသားမှာ လျှပ်စီးအတွင်း လည်ပတ်နေပြီး အဆုံးမရှိသော စွမ်းအင်များကို ထုတ်ပေးနေသယောင်။ ယင်းယန်လျှပ်စီးသည် ကိုယ်ပိုင်စိတ်ဝိဉာဉ် ရှိနေသကဲ့သို့ ထင်မှတ်ရသည်။

ဇူယွမ်မှာ အဖြူနှင့်အမည်း ရောယှက်နေသော လျှပ်စီးအားကြည့်ကာ အလွန်စိတ်လှုပ်ရှားနေမိသည်။ ဆရာသခင် ကန်းယွမ်၏ ပုံရိပ်ယောင်လှုပ်ရှားနေမှုများမှာ ရိုးရှင်းပါသော်လည်း ယင်းယန်လျှပ်စီးသည် မည်မျှပင် ကြောက်မက်ဖွယ်ကောင်းကြောင်း သူကောင်းစွာ ခံစားနေရသည်။

ယင်းယန်လျှပ်စီးမော်စာလုံးသည် မူလကျင့်စဉ်နှင့် မော်စာလုံးပညာရပ်တို့အား ပေါင်းစည်းထားသော သူတော်စင်ကျင့်စဉ်ငယ်တစ်ခုပင်။ မူလကျင့်စဉ်နှင့် မော်စာလုံးပညာရပ်တို့သည် မတူညီသော လမ်းနှစ်ရပ်ဖြစ်သည်။ မူလကျင့်စဉ်သည် ချီစွမ်းအင်အပေါ်သာ အခြေခံထားပြီး မော်စာလုံးပညာရပ်မှာ စိတ်ဝိဉာဉ်စွမ်းအင်နှင့် သက်ဆိုင်နေသည်။

ဆရာသခင် ကန်းယွမ်သည် ထိုနှစ်ခုအား ပေါင်းစပ်ထားသည့်အပြင် ယင်းယန်လျှပ်စီးမှော်စာလုံး ကျင့်စဉ်တွင် ကိုယ်ပိုင်စိတ်ဝိဉာဉ်ပင် ပါရှိနေသေးသည်။ ထိုသည်မှာ ထူးခြားလွန်းလှသည် မဟုတ်ပါလော။

ဝုန်း…

ထိုစဉ်မှာပင် ယင်းယန်လျှပ်စီးမှာ နဂါးတစ်ကောင်အလား ဇူယွမ်၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားတော့သည်။

ဝုန်း…

နှလုံးသားအတွင်း ကြားလိုက်ရသော ပေါက်ကွဲသံနှင့်အတူ ဇူယွမ်မှာ ငြိမ်သက်စွာ ထိုင်ချလိုက်သည်။ ထိုယင်းယန်လျှပ်စီးအတွင်း လောက အမြူတေစွမ်းအား ပါဝင်နေပြီး အချိန်မှီ ကျင့်စဉ်အမှတ်အသား မလုပ်နိုင်ခဲ့ပါက ကျင့်စဉ်အား သင်ယူနိုင်မည် မဟုတ်တော့ပေ။ ထို့ကြောင့် ဇူယွမ်မှာ အာရုံစိုက်ကာမျက်ဝန်းများကို မှိတ်ထားလိုက်သည်။

……….

စာကြည့်ခန်းအတွင်း၌

အရှင်မ မုနီမှာ နှုတ်ခမ်းများကို ကွေးညွတ်နေအောင် ပြုံးလိုက်သည်။ "ဒီကလေးက မဆိုးဘူးပဲ။ လောကအမြုတေကို နားလည်အောင်လုပ်ပြီး ကျင့်စဉ်အမှတ်အသား ယူတော့မယ်ထင်တယ်။" သူမသည် ချီကျင့်သခင်မအား တစ်ချက်မျှ စောင်းကြည့်လိုက်သည်။ "နင်သိလား။ ယင်းယန်မှော်စာလုံး ကျင့်စဉ်ကို သင်ယူနိုင်ဖို့ လူငယ်တော်တော်များများကို ငါအခွင့်အရေးပေးဖူးတယ်။ ဒါပေမယ့် ဘယ်သူမှ မအောင်မြင်ခဲ့ဖူးဘူး။ ဒီကလေးကြမှ ဘာလို့ဒီလောက် ကံကောင်းနေတာပါလိမ့်။"

ချီကျင့်သခင်မ ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။ "မတော်တဆ ကံမျက်နှာသာပေးလိုက်တာ နေမှာပေါ့။"

အရှင်မ မုနီမှာ မျက်နှာအစုံ ရှုံ့မဲ့သွားသည်။ "ဘာမတော်တဆလဲ။ အဲ့အဖိုးကြီးက ဘက်လိုက်နေတာ အသိသာကြီးကို။"

“မူလဖျက်စီးခြင်း နတ်ဘုရားကျောက်တုံးရဲ့ စိတ်ဝိညာဉ်ပြန်လည်ပေါင်းစပ်ခြင်း နည်းလမ်းကို ကျင့်ထားတဲ့သူမှန်သမျှ ဒီကျင့်စဉ်ကို နားလည်နိုင်မှာပဲလေ။ မဟုတ်လို့လား။”

ချီကျင့်သခင်မ ခေါင်းကိုက်သွားရသည်။

သွားပြီ..သွားပြီ..ဆရာ့ဇနီးလောင်းက..တကယ်မလွယ်ပါလား..

---

အပိုင်း ( ၉၀၂ ) : ဓာတ်ရုပ် ကွာကျခြင်း

ကျင့်စဉ်တစ်သောင်းခန်းမအတွင်း ရောက်ရှိနေသည်မှာ ဆယ်ရက်ခန့်ကြာမြင့်သွားပြီးနောက် ကျောက်ရုပ်အလား တည်ငြိမ်နေသော ဇူယွမ်၏ မျက်လုံးအစုံတို့ ဖြည်းညင်းစွာ ပွင့်လာလေသည်။

သူ၏မျက်ဝန်းများတွင် ကျေနပ်အားရခြင်းအရိပ်အယောင်များ လွှမ်းမိုးနေလျက် ရှိသည်။ ဆယ်ရက်ခန့် အချိန်ယူလိုက်ရပြီးနောက်တွင် ယင်းယန်လျှပ်စီးမှော်စာလုံး၏ ကျင့်စဉ်အမှတ်အသားအား သူ၏

နတ်ဘုံခန်းဝါ ချီပင်လယ်အတွင်း အောင်မြင်စွာ သိမ်းဆည်းနိုင်ခဲ့သည်။ ကြိုးစားရသည်မှာ ခက်ခဲခဲ့ပါသော်လည်း ချောချောမွေ့မွေ့ပင် အဆုံးသတ်နိုင်ခဲ့သည်။

ဇူယွမ်မှာ နတ်ဘုံခန်းဝါပင်လယ်အတွင်း ရှုပ်ထွေးလွန်းလှသော ယင်းယန်လျှပ်စီးမှော်စာလုံး၏ ကျင့်စဉ်အမှတ်အသားကို ခံစားမိနေသည်။ ဆယ်ရက်မျှ ကြာမြင့်သွားပါသော်လည်း ယခုအချိန်ထိ ၎င်း၏ အနှစ်သာရများကို ကောင်းမွန်စွာ နားမလည်နိုင်သေးပေ။

ကံကောင်းထောက်မစွာဖြင့် ကျင့်စဉ်အမှတ်အသားမှာ ပြီးစီးသွားခဲ့ပြီ ဖြစ်သောကြောင့် ထိုမျိုးစေ့အား ဆက်လက်ရှင်သန်လာစေရန် သူ၏ ချီစွမ်းအင်၊ စိတ်ဝိညာဉ်စွမ်းအင်များဖြင့် ပျိုးထောင်နေရန်သာ လိုအပ်တော့သည်။

မည်သို့ပင်ဆိုစေကာမူ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူတစ်ဦးအနေဖြင့် သူတော်စင်ကျင့်စဉ်ငယ်၏ စွမ်းအားအကုန်အစင်အား ထုတ်ယူသုံးစွဲနိုင်မည်မဟုတ်။ ကောင်းကင်ဘုံနေမင်းအဆင့် များသည်ပင် ထိုသို့ ပြုလုပ်နိုင်မည်မဟုတ်ပဲ ရင်းမြစ်ခြေတည်အဆင့်နှင့် လောကကိုကြီးစိုးခြင်းအဆင့် ကျင့်ကြံသူများကသာ သူတော်စင်ကျင့်စဉ်ငယ်၏ အစစ်အမှန်စွမ်းအားကို ဖော်ထုတ်နိုင်ပေလိမ့်မည်။

စွမ်းအားအပြည့်အဝအား မသုံးစွဲနိုင်စေကာမူ
သူတော်စင်ကျင့်စဉ်ငယ်တစ်ခုသည် အဆင့်မြင့်
ကောင်းကင်ဘုံကျင့်စဉ်ငယ်တစ်ခုထက် အဆပေါင်းများစွာ သာလွန်မည်မှာ
သံသယဖြစ်ဖွယ်မရှိချေ။

ဇူယွမ်၏ နတ်ဘုံခန်းဝါ ချီပင်လယ်အတွင်း ချီကြယ်ပွင့်များမှာ
လင်းလက်တောက်ပလာပြီးနောက် ယင်းယန်လျှပ်စီးအမှတ်အသားထံသို့
ရောက်ရှိသွားကြသည်။ ယင်းယန်လျှပ်စီးအမှတ်အသားမှာ
ပျော်ရွှင်သွားဟန်ဖြင့် အပေါက်ငယ်တစ်ခုကို ဖြစ်ပေါ်စေလိုက်ကာ
ချီစွမ်းအင်များကို အဆုံးမရှိဝါးမြိုနေတော့သည်။

မျက်ခုံးနှစ်ခုကြားမှ ဇူယွမ်၏ စိတ်ဝိဉာဉ်မှာလည်း လျှင်မြန်စွာ နိုးထလာလျက်
စိတ်ဝိဉာဉ်စွမ်းအင်များကို ယင်းယန်လျှပ်စီး အမှတ်အသားထံသို့
ပို့လွှတ်လိုက်သည်။ ယင်းယန်လျှပ်စီးမှော်စာလုံးသည် အခြားသော
သူတော်စင်ကျင့်စဉ်ငယ်များနှင့် မတူညီပဲ ချီစွမ်းအင်နှင့် စိတ်ဝိဉာဉ်စွမ်းအင်ကို
အချိုးကျကျ ရောစပ်ဖန်တီးထားခြင်း ဖြစ်သည်။ ချီစွမ်းအင်မှာ ယန်ဓာတ်ကို
ဖြစ်ပေါ်စေပြီး စိတ်ဝိဉာဉ်စွမ်းအင်မှ ယင်းဓာတ်အား ဖန်တီးပေးသည်။

ဇူယွမ်မှာ ဆယ်ရက်အတွင်း ထိုအရာများကို ဖြည်းညင်းစွာ
နားလည်လာခဲ့ရခြင်း ဖြစ်သည်။ ယင်းယန်လျှပ်စီးမှော်စာလုံး၏

ကျင့်စဉ်အမှတ်အသားကို ရရှိရန် ချီစွမ်းအင်ရော၊ စိတ်ဝိညာဉ်စွမ်းအင်ကိုပါ အသုံးပြုရန်လိုအပ်သည်။ တစ်စုံတစ်ခုသော လစ်ဟာနေပါက အမှတ်အသားကို ပြုလုပ်နိုင်မည်မဟုတ်။ ယခုကျင့်စဉ်သည် မူလဖျက်စီးခြင်း နတ်ဘုရားကျောက်တုံး၏ စိတ်ဝိညာဉ်ပြန်လည်ပေါင်းစပ်ခြင်း နည်းလမ်းကို အသွင်ယူကာ ဖန်တီးထားခြင်းဖြစ်သည်။

"ဆရာဖန်တီးထားတဲ့ ကျင့်စဉ်လို့မပြောရဘူး။ တော်တော်ရင်းနှီးတဲ့ အငွေ့အသက်တွေပဲ။"

ဇူယွမ်၏ နှလုံးသားအတွင်းမှ ခံစားမိလိုက်သည်။ ထို့နောက် သူ၏စိတ်ဝိညာဉ်မှာ စိတ်ကျေနပ်စွာဖြင့် နတ်ဘုံခန်းဝါ ချီပင်လယ်အတွင်းမှ ပြန်လည်ထွက်ခွာလာပြီး နတ်ဘုရားကျောက်တုံးအား လေးစားစွာဖြင့် အရိုအသေပြုလိုက်သည်။ ပတ်ဝန်းကျင်တွင် လေဟာနယ်တစ်ခု ဖြစ်ပေါ်လာကာ အပြောင်းအလဲအား ခံစားလိုက်ရပါသော်လည်း သူသည် တည်တည်ငြိမ်ငြိမ်သာ ရှိနေသည်။

အသက်ရှူချိန် အနည်းငယ်မျှ အချိန်အတွင်း ဇူယွမ်မှာ စာကြည့်ခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရှိလိုက်ရသည်။ ခန်းမအတွင်းရှိ ပုံရိပ်နှစ်ခုမှာလည်း သူ့အားစောင့်ကြိုနေလေသည်။

အရှင်မ မုနီမှာ လှပသော အပြုံးတစ်ပွင့်နှင့်အတူ အမတော်ချီကျင့်မှာ ကူကယ်ရာမဲ့ဟန် ဖြစ်နေသောကြောင့် ဖူယွမ်မှာ အနည်းငယ် အံ့အားသင့်သွားရသည်။

"ဖူယွမ်...သူတော်စင်ကျင့်စဉ်ငယ်ကောင်းတစ်ခုကို ရွေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်နော်။" အရှင်မ မုနီ ရယ်မောကာ စကားဆိုလိုက်သည်။

ဖူယွမ်မှာ အရှင်မ မုနီ၏ အကြည့်ကြောင့် အနည်းငယ်တွေဝေနေမိသည်။ "အရှင်မ မုနီရဲ့ သင်ကြားပြသမှုတွေကြောင့်ပါ။"

အရှင်မ မုနီမှာ ကျေကျေနပ်နပ် ပြုံးလိုက်ပြန်သည်။ "ငါ့ကိုဘာတွေ ကျေးဇူးတင်နေတာလဲ ကောင်လေး။ ကိုယ့်ဆရာကိုယ် ကျေးဇူးတင်ရမှာမလား။"

ဖူယွမ်မှာ ပြာပြာသလဲ ဖြစ်သွားရသည်။ "ကျွန်တော်...ကျွန်တော်ရဲ့ ဆရာက ထျန်းယွမ်နယ်မြေမှာ မရှိဘူး။"

"ဒါဆို ဘယ်မှာလဲ။" အရှင်မ မုနီ မေးမြန်းလာသည်။

ဇူယွမ်မှာ အတော်ပင်အားယူ၍ ပြုံးလိုက်ရသည်။ "အရှင်မ မုနီက ဘာလို့ ဘာမှမဟုတ်တဲ့ ကျွန်တော့် ဆရာလိုလူတစ်ယောက်အကြောင်းကို စိတ်ဝင်စားနေရတာလဲ။"

"အဟင်း...သူကသာ ဘာမှမဟုတ်ဘူးဆိုရင် ဟွမ်းယွမ်ကောင်းကင်ဒေသမှာ ဘယ်သူက ဘာဟုတ်တော့မှာလဲ။" အရှင်မ မုနီ တုံ့ပြန်လိုက်သည်။

ချီကျင့်သခင်မမှာ ကူကယ်ရာမဲ့စွာ ပြုံးလိုက်ပြီး_ "ဒေါ်လေးနီ သိသွားပြီ။"

ထိုစကားကြောင့် ဇူယွမ်မှာ နှုတ်ခမ်းအစုံ ရှုပ်မဲ့သွားရတော့သည်။

ချီကျင့်သခင်မ ဆက်လက်စကားဆိုလိုက်သည်။ "အရင်ကတော့ မသေမချာ ဖြစ်နေခဲ့တာ။ အခုတော့ နင်က သူမရှေ့မှာတင် ယင်းယန်လျှပ်စီးမှော်စာလုံးကို ရသွားတာလေ။ သူမ မသိပဲ နေတော့မလား။"

ဇူယွမ်မှာ အတော်ပင် စိတ်ဓာတ်ကျသွားရသည်။ အရှင်မ မုနီမှာ သူ၏ဇစ်မြစ်အား ဖော်ထုတ်ရန် ယင်းယန်လျှပ်စီးမှော်စာလုံးကျင့်စဉ်အား

ငါးစာအဖြစ် အသုံးချခဲ့ခြင်းပင်။ ဇူယွမ်မှာ အရှင်မ မုနီအား ခါးသက်စွာ ပြုံးပြလိုက်ရတော့သည်။ သူတတ်နိုင်တာ ဘာမှမရှိတော့။

သို့သော် ဇူယွမ်မှာ အလွန်အမင်း စိတ်ဓာတ်ကျခြင်းမျိုးတော့ မဖြစ်မိပေ။ အဘယ်ကြောင့်ဆိုသော် အမတော်ချီကျင့်မှာ ကူကယ်ရာမဲ့ဟန် တူပါသော်လည်း သူမ၏ မျက်ဝန်းထဲတွင် စိုးရိမ်ပူပန်သော အငွေ့အသက်မျိုး စိုးစဥ်းမျှပင် ရှိမနေခဲ့သောကြောင့်ပင်။ အရှင်မ မုနီမှာ ပြဿနာရှာတတ်သူ ဟုတ်ပုံမရ။

"ကောင်လေး…အဲ့အဖိုးကြီး ဘယ်မှာလဲဆိုတာ အခုပြောပြလို့ရပြီလား။" အရှင်မ မုနီမှာ လက်ဖက်ရွက်တစ်ရွက်အားယူကာ စကားဆိုလိုက်သည်။

ဇူယွမ်မှာ ဖြည်းညင်းစွာ ပြောလိုက်သည်။ "ဆရာသခင်က နေကောင်းကျန်းမာပါတယ်။ ကိစ္စတချို့ကြောင့် ဟွမ်းယွမ်ကောင်းကင်ဒေသကို ပြန်လာလို့ မရဖြစ်နေတာပါ။"

အရှင်မ မုနီမှာ နှုတ်ခမ်းအား ခပ်ဆတ်ဆတ်ဖိကိုက် လိုက်ပါသော်လည်း စိတ်သက်သာရာရသွားကြောင်း သိသာလှသည်။ "ဟူး…သူတစ်ခုခုကို စီစဉ်နေတယ် ဆိုတာ ငါသိပါတယ်။" အရှင်မ မုနီ ညင်သာစွာ

သက်ပြင်းချလိုက်သည်။ ကန်းယွမ်သည် ဟွမ်းယွမ်ကောင်းကင်ဒေသသို့ ပြန်လာ၍ မရနိုင်သောကြောင့် ထိုပြဿနာသည် မရိုးရှင်းလောက်ပဲ သူမ သူတော်စင်အဆင့် ရောက်ရှိသွားမှသာ ဝင်ပါနိုင်မည်ဖြစ်ကြောင်း သိရှိနေမိသည်။

ဇူယွမ်မှာ ခေါင်းညိတ်ပြလိုက်သည်။ “အရှင်မ မုနီ…”

အရှင်မ မုနီမှာ နူးညံ့စွာပြောလိုက်သည်။ “ကန်းယွမ်ရဲ့ တပည့်ဆိုမှတော့ ချီကျင့်လိုပဲ ဒေါ်လေးနီလို့ ခေါ်လေ။”

ချီကျင့်သခင်မ ခေါင်းညိတ်ထောက်ခံသောကြောင့် ဇူယွမ်မှာ “ဒေါ်လေးနီ” ဟုခေါ်ဆိုလိုက်သည်။ အရှင်မ မုနီနှင့် ဆရာသခင်ကြားတွင် ထူးခြားသော ပတ်သက်မှုမျိုး ရှိပုံရသည်။ ထို့နောက် ဇူယွမ်စကားဆက်လိုက်သည်။ “ဒေါ်လေးနီ…ကျွန်တော့်အကြောင်းကို လျှို့ဝှက်ထားပေးပါ။”

အရှင်မ မုနီ ပြုံးကာခေါင်းညိတ်ပြလိုက်သည်။

“ဒါနဲ့ ဒေါ်လေးနီက…ကျွန်တော့်အကြောင်းကို သိသွားပြီးဆိုတော့ သခင်ကြီး ရွှမ်ခွန်းတို့ရော သတိထားမိမယ်လို့ ထင်လား။” ဇူယွမ်မှာ ကူကယ်ရာမဲ့စွာ

မေးလိုက်မိသည်။ အကယ်၍ သခင်ကြီး ရွှမ်ခွန်းတို့သာ သိရှိသွားပါက သူ့အတွက် ဒုက္ခများလာနိုင်သည်။

အရှင်မ မုနီ ခပ်ဖွဖွ ရယ်မောလိုက်သည်။ "သူတို့က ဘယ်လိုလုပ်သိနိုင်မှာလဲ။ ငါသိသွားတယ်ဆိုတာက မူလဖျက်စီးခြင်း နတ်ဘုရားကျောက်တုံးရဲ့ စိတ်ဝိဉာဉ်ပြန်လည်ပေါင်းစပ်ခြင်း နည်းလမ်းကို ကျင့်ဖူးလို့ပါ။ ပြီးတော့ ချီကျင့်က အရမ်းဂရုစိုက်လွန်းနေတော့ ပိုပြီးထင်မိသွားတာ။ ငါခန့်မှန်းတာနဲ့ ရလာဒ်က ကွက်တိပဲလေ။"

ဇူယွမ်မှာ အရှူးလုပ်ခံလိုက်ရသလို ခံစားလိုက်ရသည်။

"မင်းက အသက်စွမ်းအင်ကိုလည်း ကျင့်ကြံနေတယ်ဆိုတာ ငါသိတယ်။ ဒါက ငါကိုယ်တိုင် လုပ်ထားတဲ့ အသက်စွမ်းအင်တွေပါတဲ့ ကျောက်တုံးပဲ။ မင်းအတွက် အသုံးဝင်လိမ့်မယ်။ လက်ဆောင်အနေနဲ့ ယူထားလိုက်။"

ဇူယွမ်မှာ တံထွေးများကို မြိုချလိုက်မိသည်။ အသက်စွမ်းအင်သည် တိုက်ပွဲစွမ်းရည်ကို တိုးမြှင့်နိုင်ခြင်း မရှိသော်လည်း ကုသခြင်းတွင် အလွန်အသုံးဝင်ပေသည်။ ထို့အပြင် အသက်စွမ်းအင် တိုက်ပွဲများတွင် မီးကုန်ယမ်းကုန် တိုက်ခိုက်နိုင်စေရန်လည်း အထောက်အကူပြုပေးနိုင်သည်။

၎င်းကျောက်တုံးလည်ဆွဲဖြင့် ထိုက်ရိုသစ်စိမ်းပင် အမှတ်အသားအား ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်သော ရှေးဟောင်းသစ်သား အဆီအနှစ် ပြဿနာကို အချိန်အတိုင်းအတာ တစ်ခုအထိ ဖြေရှင်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် သူအားပေးအပ်လာသော လက်ဆောင်အား ငြင်းပယ်ရန် မဖြစ်နိုင်ပေ။

ဇူယွမ်မှာ ချက်ချင်းဆိုသလို ထိုအစိမ်းရောင်ကျောက်လည်ဆွဲအား လက်ခံလိုက်ကာ ဝတ်ဆင်လိုက်သည်။ “ဒေါ်လေးနီလို လူမျိုးရှိတာ ဆရာ့အတွက် တကယ်ကောင်းချီးပဲ။”

အရှင်မ မုနီမှာ သဘောကျစွာဖြင့် တခစ်ခစ် ရယ်မောနေတော့သည်။

ချီကျင့်သခင်မ မှာလည်း ဇူယွမ်အား မျက်စောင်းထိုးလိုက်သည်။

ဝှစ်…

ထိုအချိန်မှာပင် ချီကျင့်သခင်မထံသို့ အလင်းတန်းတစ်ခု ရောက်ရှိလာလေသည်။

"ဘာဖြစ်တာလဲ။" အရှင်မ မုနီ မေးလိုက်သည်။

ချီကျင့်သခင်မမှာ မျက်မှောင်ကျုံ့ကာ ပြောလိုက်သည်။ "တောင်သုံးလုံး မဟာမိတ်အဖွဲ့က တစ်ခုခုစီစဉ်နေပုံရတယ်။ ဘာလဲဆိုတာတော့သေချာမသိရသေးဘူး။"

အရှင်မ မုနီမှာ မျက်ခုံးများ မြောက်တက်သွားရသည်။ "တောင်သုံးလုံးမဟာမိတ်အဖွဲ့က တော်တော်ကို တရားလွန်လာတာ။ အရင် အဖိုးကြီးကန်းယွမ် ရှိတုန်းကဆို လှုပ်တောင်မလှုပ်ရဲခဲ့ကြပဲနဲ့။"

"သူတို့ဘာပဲလုပ်လုပ် ထျန်းယွမ်နယ်မြေကို လာထိခိုက်လို့မရဘူး။ ကျွန်မတို့ အမြန်ဆုံးဖြေရှင်းမှ ဖြစ်မယ်။" ချီကျင့်သခင်မ တုံ့ပြန်လိုက်သည်။ ထို့နောက် ဇူယွမ်အားတစ်ချက်လှမ်းကြည့်လိုက်ပြီး_ "သူတော်စဉ်ကျင့်ငယ်လည်း ရပြီးဆိုတော့ အချိန်ယူပြီး လေ့လာလိုက်ဦး။ ကျင့်ကြံရေးကို နည်းနည်းမှ နားလိုက်လို့မဖြစ်ဘူး။ နယ်မြေကိုးခုတွေ့ဆုံပွဲက

အချိန်သိပ်မလိုလောက်တော့ဘူး။ တိတိကျကျ မဆုံးဖြတ်ရသေးတာပဲရှိတယ်။ အဲ့ဒီမှာ တွေ့ရမယ့်သူတွေက လုရှောင်းထက်သာတဲ့ သူတွေချည်းပဲ။”

ဇူယွမ်မှာ လေးလေးနက်နက် ခေါင်းညိတ်ပြလိုက်သည်။ သီးသန့်ကျင့်ကြံခြင်း ပြုလုပ်သင့်သည်ဟုလည်း တွေးတောလိုက်မိသည်။

တောင်တန်းလိပ်ပြာမှော်စာလုံး၊ သစ်တောမှော်စာလုံးတို့ကို အရယူကာ ယင်းယန်လျှပ်စီးမှော်စာလုံး ကျင့်စဉ်ကိုလည်း တတ်နိုင်သမျှ အချိန်ယူကာ လေ့လာသင်ယူရတော့မည်ပင် မဟုတ်ပါလော…။

---

အပိုင်း ( ၉၀၃ ) : မှော်စာလုံးလေးခုအား ရယူခြင်း

ဇူယွမ်မှာ ယင်းယန်မှော်စာလုံးကျင့်စဉ်အား ရရှိခဲ့သည်မှာ လဝက်ခန့်ပင် ရှိနေလေပြီ။ ထိုအချိန်ကာလများအတွင်း နန်းဆောင်လေးခုမှာ အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်။

ပထမဆုံးအနေဖြင့် မီးနန်းဆောင်၏ ခေါင်းဆောင်ပိုင်းတဝက်ခန့်မှာ ပြောင်းလဲသွားခဲ့ပြီး သွေးကွဲမှုများ ဖြစ်ပေါ်လာသည်။ ခေါင်းဆောင်ပိုင်းတွင် နေရာရရှိလာသော လူသစ်များမှာ ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ မဟုတ်သောကြောင့် ကျူးလျန်တို့နှင့် အဆင်မပြေကြပေ။ ကျူးလျန်၊ ကျိုယာနှင့် အခြားသော ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ တပည့်များမှာလည်း ခေါင်းဆောင်အသစ်များအပေါ် ခါးခါးသီးသီးဖြစ်နေကြသည်။

လုရှောင်းမှာ ယခုရက်ပိုင်းအတွင်း လူအများကြားပေါ်မလာတတ်ပါသော်လည်း ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ တပည့်တစ်ဦးပင် ဖြစ်သောကြောင့် ကျူးလျန်တို့အား ထောက်ခံကာ ခေါင်းဆောင်အသစ်များကို ဖိအားပေးခဲ့သည်။ ၎င်းတို့မှာ မီးနန်းဆောင်အား ကျင်းရှန်းကောင်းကင်ဂိုဏ်းလောက် အလေးထားခြင်းမရှိကြပေ။

ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ မဟုတ်သော မီးနန်းဆောင်၏ရာထူးရှိသူများမှာ လုရှောင်းနှင့် ကျူးလျန်တို့၏ ဖိအားပေးခြင်းကို အတော်ခံခဲ့ကြရသည်။ သို့သော်၎င်းတို့သည် လုရှောင်းမှာ ယခင်ကလောက် အာဏာမရှိတော့ကြောင်း ကောင်းစွာနားလည်ထားလေသည်။ ရှုံးရှီခေါင်းဆောင်ကသာ နန်းဆောင်လေးခု၏ အရှင်သခင်ဖြစ်သည်။ ထို့ကြောင့် ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ မဟုတ်သော ရာထူးရှိသူများမှာ ဇူယွမ်အား သိသာစွာ ထောက်ခံလာကြသည်။

ဇူယွမ်မှာ ထိုအချိန်ကိုပင် စောင့်ဆိုင်းနေခြင်း ဖြစ်သောကြောင့် ကျူးလျှန်၊ ကျိုယာနှင့် အခြားသော ကျင်းရှန်းကောင်းကင်ဂိုဏ်းမှသူများကို ပြင်းပြင်းထန်ထန် ခေါ်ယူသတိပေးလိုက်သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့်လည်း ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ မဟုတ်သော ရာထူးရှိသူများကို မဆင်မခြင် ဆက်ဆံရဲခြင်း မရှိကြတော့ပေ။ ဤသို့ဖြင့် မီးနန်းဆောင်၏ လူအများစုမှာ ဇူယွမ်အားထောက်ခံလာကြပြီး အမိန့်မှန်သမျှ နာခံလာကြတော့သည်။

ကျိုယာမှာ ထိုအခြေအနေကို လက်မခံနိုင်တော့ပဲ ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ အကြီးအကဲများထံ အသိပေးလိုက်သည်။

သခင်ကြီးရှမ်ခွန်းမှာ ကိုယ်တိုင်ဝင်ရောက် ဖြေရှင်းခြင်းမရှိပါသော်လည်း ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ အကြီးအကဲများမှာ ထျန်းယွမ်ရှမ်းဟွတခွင် ဇူယွမ်၏ အသုံးမကျသော ခေါင်းဆောင်မှုများအကြောင်းကို လုပ်ကြံပြောဆိုလာကြသည်။

သို့သော် ထိုအခြေအနေမှာ မကြာမြင့်လိုက်ပေ။ ချီကျင့်သခင်မသာမက အနေအေးသော အရှင်မ မုနီကပါ ထိုကိစ္စနှင့် ပတ်သက်၍ ဝင်ရောက်ပြောဆိုလာခဲ့သည်။ ထို့အပြင် နန်းဆောင်လေးခုတွင်

ကျင်းရှန်းကောင်းကင်ဂိုဏ်းမှာ လူအနည်းစုသာ ဖြစ်သောကြောင့် အခြားသူများအားလုံး ဇူယွမ်ဘက်မှ ထောက်ခံရပ်တည်လာချိန်တွင် ၎င်းတို့မှာ မည်သို့မျှ မတတ်နိုင်ခဲ့ပေ။

ကျင်းရှန်းကောင်းကင်ဂိုဏ်း၏ အကြီးအကဲများမှာ ကောလဟာလများကို ရပ်တန့်လိုက်ကြရသည်။ သခင်ကြီးရွှမ်ခွန်းသည်ပင် ယခုရက်ပိုင်းများအတွင်း စိတ်အခြေအနေမကောင်းဟု ကြားသိရသည်။ သခင်ကြီးရွှမ်ခွန်းမှာ ဒေါသတကြီးဖြင့် လုရှောင်းနှင့်တကွ ကျူးလျန်၊ ကျိုယာ အစရှိသူတို့အား ပြင်းထန်စွာ ခေါ်ယူပြောဆိုခဲ့သည်။

ကျူးလျန်တို့မှာလည်း မည်သို့မျှ မတတ်နိုင်တော့ပဲ ဇူယွမ်အား ဖြုတ်ချမည့်အရေးကို လက်လျှော့လိုက်ကြရတော့သည်။

မီးနန်းဆောင်မှာ တဖြည်းဖြည်း ပို၍အားနည်းလာပါသော်လည်း ဇူယွမ်၏ သြဇာမှာ ပို၍ကြီးမားလာခဲ့သည်။

တောင်တန်းနန်းဆောင်၏ ခေါင်းဆောင် ဟန့်ယွမ်သည်လည်း ဇူယွမ်ထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံခဲ့သည်။ မီးနန်းဆောင်၏ အခြေအနေအား မျက်မြင်ကိုတွေ့ ကြုံလိုက်ရပြီးနောက်

တောင်တန်းနန်းဆောင်အား ထို့ကဲ့သို့ဖြစ်လာမည်ကို စိုးရိမ်သဖြင့် ဟန့်ယွမ်မှာ ယခုကဲ့သို့ ဇူယွမ်ထံ ရောက်ရှိလာခြင်းဖြစ်သည်။

ဇူယွမ်မှာ သေးငယ်သော ပြစ်ဒဏ်တစ်ခုသာ ပေးလိုက်ပြီးနောက် ဟန့်ယွမ်နှင့် ပြေလည်လိုက်ရန် ဆုံးဖြတ်ခဲ့သည်။

ယခုမှစ၍ နန်းဆောင်လေးခုတွင် ဇူယွမ်၏ အာဏာမှာ တည်မြဲနေပြီပင်ဖြစ်သည်။ အခြေအနေများ အတော်အသင့် တည်ငြိမ်လာပြီးနောက် ဇူယွမ်မှာ ရိုချိုးရှွယ်ထံ တာဝန်များ လွှဲအပ်ခဲ့ကာ သီးသန့်ကျင့်ကြံခြင်းကို စတင်ခဲ့လေသည်။

……….

မူလလိပ်ပြာလေးခုမျှော်စင်၏ တောင်တန်းလိပ်ပြာမျှော်စင်၌

ဇူယွမ်မှာ တောင်တန်းလိပ်ပြာမှော်စာလုံးအား တတိယမြောက် မှော်စာလုံးအဖြစ် ရယူရန် ရွေးချယ်ခဲ့သည်။ တောင်တန်းလိပ်ပြာမှော်စာလုံးသည် ခန္ဓာကိုယ်သန်မာမှုအား မြှင့်တင်ပေးနိုင်သောကြောင့် ဖြစ်သည်။ သစ်တောလိပ်ပြာ မှော်စာလုံးသည်

အသက်စွမ်းအင်အား ဖြည့်တင်းပေးခြင်း ဖြစ်သောကြောင့် အလောတကြီး မလိုအပ်ပေ။

……….

တောင်တန်းလိပ်ပြာ မျှော်စင်အတွင်း ဝါကျင့်ကျင့်မြူခိုးများ ကြီးစိုးထားလျက်ရှိသည်။ ထိုသည်မှာ အစစ်အမှန် မြူခိုးများ မဟုတ်ပဲ သဲမှုန်များ ပတ်ဝန်းကျင်တခွင် ကြီးစိုးနေခြင်းသာ။ တောင်တန်းလိပ်ပြာ မှော်စာလုံး၏ မူလအမှတ်အသားများမှာ ထိုသဲမှုန်များအတွင်း ပါဝင်နေသည်။

သဲမှုန်လေးများမှာ သေးငယ်လွန်းလှပါသော်လည်း သံမဏိထက်ပင် မာကြောသေးသည်။ ၎င်းတို့သည် ထိတွေ့လိုက်ရုံနှင့် ခန္ဓာကိုယ်အတွင်း အပေါက်ငယ်များ ဖြစ်ပေါ်သွားစေသည်။ သဲမှုန်များသည် ယင်းကဲသို့ အပေါက်ငယ်များမှ ယိုစိမ့်လာသည့် သွေးစများနှင့် ရောယှက်ကာ မူလ အမှတ်အသားကို ဖြစ်ပေါ်စေခြင်းပင်။

ဇူယွမ်မှာ တောင်ကတုံးတစ်ခုပေါ်တွင် ထိုင်လျက်အဆင့်မြင့် မူချင်းတောင်တန်းစာလုံးအား အသက်သွင်းလိုက်ပြီးနောက် မူလအကြွေစေ့များကို လောင်ကျွမ်းစေလိုက်သည်။

ဝူး…ဝူး…

ချက်ချင်းဆိုသလိုပင် ကောင်းကင်ထက်မှ သဲလေပွေတစ်ခုမှာ ဇူယွမ်ထံ ကျဆင်းလာတော့သည်။ ဇူယွမ်မှာ တည်ငြိမ်စွာဖြင့် သဲလေပွေအား ကြည့်ရှုလိုက်ပြီးနောက် မျက်ဝန်းများကို မှိတ်လိုက်သည်။

……….

ဇူယွမ်မှာ အချိန်တစ်လအတွင်း တောင်တန်းလိပ်ပြာ မှော်စာလုံးအား ရယူနိုင်ခဲ့သည်။ လေလိပ်ပြာ မှော်စာလုံးနှင့် မီးလိပ်ပြာ မှော်စာလုံးတို့တွင် အတွေ့အကြုံ ရှိထားသည့်အပြင် အဆင့်မြင့် မူချင်းစာလုံးနှင့် မူလအကြွေစေ့များစွာ ရှိနေသောကြောင့် အနည်းငယ်မျှ မခက်ခဲခဲ့ပေ။ အချိန်တစ်လအတွင်း ရယူနိုင်သည်ကို ပုံမှန်ဟုပင် ထင်မှတ်မိသည်။ ထိုသည်မှာ သူ၏ အတွေးသက်သက်သာ ဖြစ်သည်။

လုရှောင်းအပါအဝင် အခြားသော နန်းဆောင်လေးခုမှာ အဖွဲ့ဝင်များမှာ လိပ်ပြာမှော်စာလုံးတစ်ခု ရရှိနိုင်ရန် အချိန်နှစ်ဝက်ခန့် ကြာမြင့်ကြသည်။ နှိုင်းယှဉ်ကြည့်လျှင် ဇူယွမ်မှာ အလွန်တိုတောင်းသော အချိန်အတွင်း

စာလုံးများကို ရယူနေခြင်းပင်။ ထိုသည်မှာ သူ၏ အားကောင်းသော
စိတ်ဝိညာဉ်စွမ်းအင်အပြင် မူလဖျက်စီးခြင်း နတ်ဘုရားကျောက်တုံး၏
စိတ်ဝိညာဉ်ပြန်လည်ပေါင်းစပ်ခြင်း နည်းလမ်းအား
ကျင့်ကြံထားခြင်းကြောင့်လည်း ဖြစ်ပေလိမ့်မည်။

အကြောင်းကြောင်းကြောင့် ဇူယွမ်မှာ အချိန်တစ်လအတွင်း
တောင်းတန်းလိပ်ပြာမှော်စာလုံးအား ရရှိနိုင်ခဲ့ လေသည်။
သူသည်ထို့အကြောင်းအား ရိချျိုးရွှယ်နှင့် ရဲ့ပင်းလင်တို့ကိုပင် မပြောပြခဲ့ပေ။
သို့သော် အနည်းငယ်မျှ အနားယူခြင်းမရှိပဲ သစ်တောလိပ်ပြာ မှော်စာလုံးအား
ဆက်လက်ရယူခဲ့သည်။ သူသည် တတ်နိုင်သမျှ လိပ်ပြာစာလုံး လေးခုလုံးအား
အမြန်ဆုံး စုဆောင်းလိုမိသည်။ ထိုသို့စုစည်းနိုင်ခဲ့ပါက တစ်စုံတစ်ခု
ဖြစ်လာလိမ့်မည်ဟုလည်း ခံစားနေရသည်။

……….

ဤသို့ဖြင့် အချိန်များ လျင်မြန်စွာ ကုန်ဆုံးသွားခဲ့လေသည်။
လဝက်ခန့်ကြာမြင့်သွားပြီးနောက် ထျန်းယွမ်နယ်မြေတွင် ရုတ်ရုတ်သဲသဲ
အခြေအနေများ စတင်ဖြစ်ပေါ်လာရသည်။ ထိုသို့ဖြစ်ရခြင်းမှာ
အကြောင်းအရင်း နှစ်ချက်ရှိသည်။

ပထမတစ်ချက်မှာ ဟွမ်းယွမ်ကောင်းကင်ဒေသ၏ အလေးထားရသော နယ်မြေကိုးခုတွေ့ဆုံပွဲ၏ အချိန်စာရင်း ထွက်ပေါ်လာခဲ့သောကြောင့်ပင်။

ဒုတိယအချက်မှာ ထျန်းယွမ်နယ်မြေ၏ မြောက်ပိုင်းတွင် တည်ရှိသော တောင်သုံးလုံး မဟာမိတ်အဖွဲ့မှာ ထျန်းယွမ်နယ်မြေအား စိန်ခေါ်လိုက်သောကြောင့်ပင် ဖြစ်လေတော့သတည်း....။

---

အပိုင်း ( ၉၀၄ ) : စိန်ခေါ်ခြင်း

နယ်မြေကိုးခုသည် ဟွမ်းယွမ်ကောင်းကင်ဒေသအား ကြီးစိုးထားကြောင်း အားလုံးမှ သိရှိထားကြသည်။

နယ်မြေကိုးခု၏ တည်ထောင်သူများမှာလည်း အခြားသော ကောင်းကင်ဒေသ၏ အရှင်သခင်များနှင့်ပင် နှိုင်းယှဉ်နိုင်လောက်အောင် ကျင့်ကြံခြင်းလောက၏ အထွဋ်အထိပ်၌ ရောက်ရှိနေကြသူများပင်။ ထို့ကြောင့် ဟွမ်းယွမ်ကောင်းကင်ဒေသမှာ တော်ဝင်နန်းတော်အား ဆန့်ကျင်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်လာခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ လူသားများသာ ဖြစ်သောကြောင့် ယှဉ်ပြိုင်လိုခြင်းကို မငြင်းဆန်နိုင်သည့်မှာ နယ်မြေကိုးခုလည်း အပါအဝင် ဖြစ်သည်။

နယ်မြေကိုးခုသည် တော်ဝင်နန်းတော်အား ဆန့်ကျင်ရာတွင် စည်းလုံးပါသော်လည်း ၎င်းအချင်းချင်း အမြဲတစေ ယှဉ်ပြိုင်နေကြလေ့ ရှိသည်။ နယ်မြေတစ်ခုနှင့်တစ်ခု၊ လူတစ်ဦးနှင့် တစ်ဦး အရာအားလုံးတွင် လိုက်လံနှိုင်းယှဉ်နေတတ်ကြ၏။ ထိုသို့ယှဉ်ပြိုင်မှုများဖြင့် လူတစ်ဦးချင်းစီ၊ နယ်မြေတစ်ခုချင်းစီ၏ တိုးတက်မှုများ ဖြစ်ပေါ်စေပေလိမ့်မည်။

သို့သော် နွားကွဲလျှင်ကျားဆွဲမည် ဆိုသည့်အတိုင်း တရားလွန် ယှဉ်ပြိုင်ခြင်းများ ဖြစ်လာပါက စည်းလုံးမှု ပြိုကွဲကာ တော်ဝင်နန်းတော်အတွက် အခွင့်ကောင်းရသွားနိုင်မည် ဖြစ်သောကြောင့် စစ်မဖြစ်ကြရန်လည်း သဘောတူထားကြသည်။

ထို့ကြောင့် အကြီးအကဲများ အချင်းချင်း ယှဉ်ပြိုင်ခြင်းမပြုကြပဲ လူငယ်များအကြားတွင်သာ ပြိုင်ပွဲများ ပြုလုပ်ကြခြင်းဖြင့် နယ်မြေကိုးခုတွေ့ဆုံပွဲ ဖြစ်ပေါ်လာခဲ့သည်။

နယ်မြေကိုးခုတွေ့ဆုံပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများမှာ နယ်မြေအသီးသီးမှ အထူးချွန်ဆုံး ပါရမီရှင် လူငယ်များ ဖြစ်ကြသည်။ ထိုတွေ့ဆုံပွဲ၏ ရလဒ်သည် နယ်မြေကိုးခုအား အဆင့်ခွဲခြားပေးပြီး ဟွမ်းယွမ်ကောင်းကင်ဒေသတွင် အတော်ဆုံး လူငယ်မျိုးဆက်အား ထွက်ပေါ်လာစေသည်။

အနိုင်ရရှိသူသည် လူငယ်ပါရမီရှင်များစွာ၏ ရိုသေလေးစားခြင်းကို ခံယူကြရသည်။ နယ်မြေကိုးခုတွေ့ဆုံပွဲသည် အရေးကြီးသော အခမ်းအနား တစ်ခုဖြစ်ပြီး နယ်မြေတိုင်း၏ အနာဂတ်ကို မျှော်ကြည့်နိုင်သော အဆုံးအဖြတ်ဟုလည်း ဆိုနိုင်ပေသည်။ ဘိုးဘေးနဂါးမီးအိမ်၏ ထိန်းသိမ်းစောင့်ရှောက်ခွင့်ကိုလည်း နယ်မြေကိုးခုတွေ့ဆုံပွဲ ရလဒ်ဖြင့်ပင် ဆုံးဖြတ်လေ့ ရှိသည်။

ဘိုးဘေးနဂါးမီးအိမ်သည် ကြာပန်းသုံးပွင့် အဆင့်ရှိသော သူတော်စင်ရတနာဖြစ်ပြီး အဆုံးမဲ့စွမ်းအင်ကို ပိုင်ဆိုင်ထားသည်။ သူတော်စင်အဆင့် ကျင့်ကြံသူများအတွက်ပင် ထိုရတနာသည် အရေးကြီးလွန်းလှသည်ဟု ယူဆနိုင်သည်။ ဘိုးဘေးနဂါးမီးအိမ်အား နယ်မြေတစ်ခုတည်းမှ စွဲကိုင်ထားရန် မည်သို့မျှ မဖြစ်နိုင်သောကြောင့် နယ်မြေကိုးခုတွေ့ဆုံပွဲ ရလဒ်ဖြင့် အလှည့်ကျ ထိန်းသိမ်းနေရခြင်း ဖြစ်သည်။

နယ်မြေကိုးခုတွေ့ဆုံပွဲ နောက်တစ်ကြိမ် မကျင်းပမီ ထိန်းသိမ်းထားရသော နယ်မြေသည် ဟွမ်းယွမ်ကောင်းကင်ဒေသတခွင် လူအများ၏ လေးစားကြောက်ရွံ့ခြင်းကို ခံယူရသည်။ ထိုသို့သော အကြောင်းအရင်းများကြောင့် နယ်မြေကိုးခုတွေ့ဆုံပွဲသည် ဟွမ်းယွမ်ကောင်းကင်ဒေသ၏ အရေးအကြီးဆုံး အခမ်းအနားတစ်ခုအဖြစ် သတ်မှတ်ခံထားရပြီး လူအများမှလည်း စိတ်ဝင်တစား ရှိကြသည်။

ယခုတစ်ကြိမ်တွင်လည်း ထိုကဲ့သို့ပင်...

ဟွမ်းယွမ်ကောင်းကင်ဒေသတခွင် နယ်မြေကိုးခုတွေ့ဆုံပွဲအကြောင်း ဆွေးနွေးမှုများမှာ တစ်စထက်တစ်စ ကျယ်ပြန့်လာခဲ့လေပြီ။

ဝေဖန်ဆွေးနွေးမှုများနှင့်အတူ ဟွမ်းယွမ်ကောင်းကင်ဒေသ၏ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းမှာလည်း ပို၍လူပြောများလာသည်။ စာရင်းအား ကြိုးစားပမ်းစား လေ့လာကာ နယ်မြေကိုးခု တွေ့ဆုံပွဲတွင် ရုတ်တရက် ကျော်ကြားလာနိုင်မည့် ရှုက်ပုန်းသီး ပါရမီရှင်များကို ရှာဖွေလာကြသည်။

မည်သို့ပင်ဆိုစေကာမူ လူအများစုမှာ စာရင်း၏ ထိပ်ဆုံးနေရာအား နှစ်ပေါင်းများစွာ ရယူထားခဲ့သော ကျောက်မုရှုန်အပေါ် ပိုအလေးသာနေကြဆဲပင်။ ကျောက်မုရှုန်သည် အဆုံးအစမဲ့သော အရည်အချင်းများ၊ တိုက်ပွဲစွမ်းရည်များဖြင့် အားလုံးကို ကျော်ဖြတ်အနိုင်ယူကာ နယ်မြေကိုးခုတွေ့ဆုံပွဲ၏ အဆုံးသတ် အောင်နိုင်သူဖြစ်လာလိမ့်မည်ဟု ထင်မြင်ယူဆထားကြသည်။

........

ဟွမ်းယွမ်ကောင်းကင်ဒေသတခွင် နယ်မြေကိုးခုတွေ့ဆုံပွဲအကြောင်း စိတ်လှုပ်ရှားစွာ ဆွေးနွေးနေကြပါသော်လည်း ထျန်းယွမ်နယ်မြေမှာမူ ပုံမှန်ထက်ပို၍ တိတ်ဆိတ်နေခဲ့သည်။ နယ်မြေအရှင်သခင် ကန်းယွမ် ပျောက်သွားပြီးနောက် တဖြည်းဖြည်းနှင့် အင်အားဆုတ်ယုတ်လာသောကြောင့်လည်း ဖြစ်နိုင်သည်။

လွန်ခဲ့သော နယ်မြေကိုးခုတွေ့ဆုံပွဲတွင် ထျန်းယွမ်နယ်မြေမှာ နောက်ဆုံးနေရာသာ ရယူနိုင်ခဲ့ပြီး အတော်လေး ဂုဏ်သိက္ခာကျခဲ့ရသည်။

ယခုတစ်ကြိမ်တွင် ထျန်းယွမ်နယ်မြေ၏ နန်းဆောင်လေးခုအား ထိန်းချုပ်နိုင်မည့် ရှုံးရှီခေါင်းဆောင် ဇူယွမ်ရှိနေပြီ ဖြစ်သည်။ သို့သော် ဇူယွမ်သည်ပင် နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်း၌ နံပါတ်ဆယ့်လေးနေရာသာ ရရှိထားသောကြောင့် ထျန်းယွမ်နယ်မြေ၏ ဂုဏ်သတင်းအား မြှင့်တင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် အားလုံး၏ မျှော်လင့်ချက်များမှာ မှေးမှိန်နေရသည်။

ထျန်းယွမ်နယ်မြေသာ ယခုနှစ် တွေ့ဆုံပွဲ၌ နောက်ဆုံးနေရာ ထပ်မံရရှိခဲ့ပါက အဖက်ဆယ်စရာ ဂုဏ်သိက္ခာပင် ကျန်ရစ်တော့မည်မဟုတ်။ သို့သော် ၎င်းတို့လည်း မည်သို့မျှ မတတ်နိုင်ပေ။ အရည်အချင်း မပြည့်မှီချင်းအတွက် မိမိတို့ကိုယ်တိုင်ကိုသာ အပြစ်တင်စရာ ရှိသည်။

ထိုသို့ဖြစ်နေချိန်မှာပင် အကြောင်းအရာတစ်ခုကြောင့် ထျန်းယွမ်နယ်မြေ တစ်ခုလုံးကို ဒေါသထွက်စေခဲ့သည်။ ပြဿနာမှာ ထျန်းယွမ်နယ်မြေ၏ မြောက်ဘက်ပိုင်းနှင့် ထိစပ်နေသော တောင်သုံးလုံးမဟာမိတ်အဖွဲ့ပင်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် ဟွမ်းယွမ်ကောင်းကင်ဒေသ၏ ပထမအဆင့်ရှိသော အဖွဲ့သုံးခု ပေါင်းစည်းထားခြင်း ဖြစ်သည်။ ထို့ကြောင့် တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် နယ်မြေကြီးကိုးခုပြီးလျှင် အင်အားအကြီးဆုံး အဖွဲ့အစည်း ဖြစ်လာသည်။ အင်အားကြီးလာသည်နှင့်အမျှ

ရည်မှန်းချက်လည်း ကြီးမားလာပြီး နယ်မြေကြီးအဆင့်အဖြစ် သတ်မှတ်ခံရရန် လောဘတက်လာကြသည်။

သို့သော် ဟွမ်းယွမ်ကောင်းကင်ဒေသတွင် နယ်မြေကြီးကိုးခု တည်ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် အဆင့်တစ်ခုတည်း သတ်မှတ်ခံရရန် မလွယ်ကူပေ။ ထို့ကြောင့် ၎င်းတို့မှာ စိတ်ရှည်စွာဖြင့် အခွင့်အရေး ပေါ်လာမည့်အချိန်ကိုသာ စောင့်ဆိုင်းနေခဲ့သည်။ နယ်မြေအရှင်သခင် ကန်းယွမ် ပျောက်သွားခဲ့ခြင်းမှာ ၎င်းတို့အတွက် အခွင့်ကောင်းတစ်ခု ဖြစ်လာခဲ့သည်။ ခေါင်းဆောင်မည့်သူ မရှိသောကြောင့် အခြေအနေ လျော့ရဲလာသော ထျန်းယွမ်နယ်မြေအား တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ အဆက်မပြတ် စောင့်ကြည့်နေခဲ့သည်။

ယခုနှစ်များအတွင်း တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ ထျန်းယွမ်နယ်မြေအား အမြဲလိုလို စိန်ခေါ်ရန်စနေခဲ့ပြီး ၎င်းတို့၏ ရည်ရွယ်ချက်ကို ထင်ရှားအောင် ထုတ်ဖော်ပြသခဲ့သည်။

ထျန်းယွမ်နယ်မြေမှာ 'ကြောင်မရှိကြွက်ထ'ဆိုသလို ယခုမှသာ မျက်စိနောက်လောက်အောင် လိုက်လံနှောင့်ယှက်နေသော တောင်သုံးလုံးမဟာမိတ်အဖွဲ့အား အတော်ပင် ရှုံ့ရှာစက်ဆုပ်နေကြပြီ ဖြစ်သည်။ နယ်မြေအရှင်သခင် ကန်းယွမ် ရှိခဲ့စဉ်က

တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ ထျန်းယွမ်နယ်မြေအား မျက်စောင်းဖြင့်ပင် မကြည့်ရဲခဲ့ဖူးပေ။

ဒဏ်ရာရနေသော ကျားတစ်ကောင်အား ခွေးအမှ လာပြီးရန်စေနေသကဲ့သို့ ခံပြင်းစရာ ကောင်းလှသည်။ ဤသို့ဖြင့် ထျန်းယွမ်နယ်မြေရော တောင်သုံးလုံးမဟာမိတ်အဖွဲ့ကပါ တစ်ဖက်နှင့်တစ်ဖက် အလျှော့ပေးခြင်း မရှိပဲ အခြေအနေများမှာ ပို၍ပို၍သာ ဆိုးရွားလာခဲ့သည်။

ယခုတစ်ခေါက် နယ်မြေကိုးခုတွေ့ဆုံပွဲ အချိန်စာရင်းအား ကြေညာပြီးချိန်တွင် တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ လှုပ်ရှားလာခဲ့ပြန်သည်။ စည်းမျဉ်းအရ နယ်မြေကြီးကိုးခုကသာ တွေ့ဆုံပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရှိသောကြောင့် ၎င်းတို့သည်လည်း ပါဝင်နိုင်ရန် ရည်ရွယ်နေခြင်း ဖြစ်သည်။

နယ်မြေကြီးကိုးခုအတွင်း မပါဝင်သော အဖွဲ့များအနေဖြင့် နယ်မြေကိုယ်စားပြု နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူအား စိန်ခေါ်အနိုင်ရလျှင် နယ်မြေကိုးခုတွေ့ဆုံပွဲအတွင်း ပါဝင်ခွင့်ရရှိပေလိမ့်မည်။

ထိုစည်းမျဉ်းမှာ နယ်မြေကိုးခုအား ပို၍တိုးတက်လိုစိတ်ရှိရန် ချမှတ်ထားခြင်းပင်။ ပါဝင်ယှဉ်ပြိုင်ခွင့် အခွင့်အရေးအား အခြားအဖွဲ့တစ်ခုထံ ဆုံးရှုံးလိုက်ရပါက ရှက်ဖွယ်အတိ ဖြစ်နေမည် မဟုတ်လော။

သို့သော် ထိုသို့အခွင့်အရေး ဆုံးရှုံးလိုက်ရခြင်းမျိုးမှာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဖူးပေ။ အဖွဲ့အစည်းများ အနေဖြင့်လည်း နယ်မြေကြီးကိုးခုအပေါ် အပြစ်မပြုရဲသောကြောင့် အလွန်ထူးချွန်သော ပါရမီရှင် လူငယ်မျိုး ပိုင်ဆိုင်ထားရလျှင်ပင် နယ်မြေကိုယ်စားပြု နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများအား စိန်ခေါ်တိုက်ခိုက်ခြင်း မလုပ်ရဲခဲ့ကြ။

ယခုတစ်ခေါက်တွင်မူ တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ စတင်လှုပ်ရှားလာသည်။ နယ်မြေကိုးခုတွေ့ဆုံပွဲ အချိန်စာရင်း ထွက်လာသည်နှင့် ၎င်းတို့မှာလည်း ထျန်းယွမ်နယ်မြေထံ စိန်ခေါ်စာ ပေးပို့ခဲ့သည်။

ထိုစိန်ခေါ်စာကိုလည်း ထျန်းယွမ်နယ်မြေကိုသာမက အခြားသော နယ်မြေများကိုပါ ပုံတူကူး၍ ဖြန့်ချီခဲ့သေးသည်။ ထို့ကြောင့် ထျန်းယွမ်နယ်မြေနှင့် အနီးတဝိုက်တွင် ယင်းအကြောင်းအရာကသာ လူပြောအများဆုံး ဖြစ်လာခဲ့လေသည်။

စိန်ခေါ်စာအား ပေးပို့သူမှာ ဟွမ်းယွမ်ကောင်းကင်ဒေသ၏ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းတွင် အဆင့်ကိုး ရရှိထားသော ချန်းရွှမ်တုံပင်။

စိန်ခေါ်စာမှာ ရိုးရှင်းလွန်းလှပြီး မောက်မာလွန်းလှသော သဘောထားကို အတိုင်းသား မြင်တွေ့နေရသည်။

"တောင်သုံးလုံးမဟာမိတ်အဖွဲ့က ချန်းရွှမ်တုံက ထျန်းယွမ်နယ်မြေရဲ့ ဇူယွမ်ကို နယ်မြေကိုးခုတွေ့ဆုံပွဲကို လက်လျှော့ဖို့ သတိပေးလိုက်တယ်။"

---

အပိုင်း ( ၉၀၅ ) : လက်ခံခြင်း

စိန်ခေါ်စာအကြောင်းမှာ ထျန်းယွမ်နယ်မြေနှင့် အနီးတဝိုက်ကို အတော်လေး ရုတ်ရုတ်သဲသဲ ဖြစ်သွားစေခဲ့သည်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ ရည်ရွယ်ချက်ကိုလည်း သိရှိနေကြသောကြောင့် အားလုံးမှ အံ့အားသင့်ကုန်ကြရသည်။

အတိတ်ကာလများ၌ တောင်သုံးလုံးမဟာမိတ်အဖွဲ့သည်
ထျန်းယွမ်နယ်မြေအား အမြဲလိုလို လိုက်လံနှောင့်ယှက်နေခဲ့ပါသော်လည်း
ယခုတခေါက် လုပ်ရပ်မှာ တရားဝင် စစ်ကြေညာသကဲ့သို့ ဖြစ်နေသည်။

နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူအချင်းချင်းသာ တိုက်ခိုက်ကြမည့် စိန်ခေါ်စာ
ဖြစ်ပါသော်လည်း တောင်သုံးလုံးမဟာမိတ်အဖွဲ့သည်
ထျန်းယွမ်နယ်မြေအပေါ် လေးစားကြောက်ရွံ့မှု မရှိတော့ကြောင်း
သိသာလှသည်။

အခြေအနေများမှာ တစ်ရက်ထက်တစ်ရက် ပိုမိုတင်းမာလာပြီဖြစ်သည်။
ဟွမ်းယွမ်ကောင်းကင်ဒေသ၏ သမိုင်းတလျှောက် ပထမအဆင့်
အဖွဲ့အစည်းများမှ နယ်မြေကြီးကိုးခုအား စိန်ခေါ်ခြင်းဖြစ်ရပ်မှာ
ရှားပါးလွန်းလှသည်။ ထျန်းယွမ်နယ်မြေ၏ အင်အားဆုတ်ယုတ်လာမှုကြောင့်
တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ ပို၍ပို၍ ရဲတင်းလာခဲ့သည်။

စင်စစ်အားဖြင့် တောင်သုံးလုံးမဟာမိတ်အဖွဲ့တွင်
လောကကိုကြီးစိုးခြင်းအဆင့် သုံးဦးကသာ အုပ်ချုပ်နေခြင်း ဖြစ်သည်။
ထျန်းယွမ်နယ်မြေတွင် လောကကိုကြီးစိုးခြင်းအဆင့် သေနာပတိ
ငါးဦးရှိပေသည်။

ထိုပမာဏသည် ပြောရလောက်အောင် ကွာခြားနေခြင်း မဟုတ်သည့်အပြင် တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ ယခုနှစ်များအတွင်း အလွန်တိုးတက်လာခဲ့သောကြောင့် ထျန်းယွမ်နယ်မြေနှင့် မယှဉ်ပြိုင်နိုင်စေကာမူ အင်အားများစွာ ခြားနားနေခြင်း မရှိပေ။

နှစ်ဦးနှစ်ဖက်သာ အမှန်တကယ် စစ်ပွဲဖြစ်လာခဲ့ပါက ထျန်းယွမ်နယ်မြေမှာ အနိုင်ရနိုင်ပါသော်လည်း ဆုံးရှုံးမှု အတော်များပြားနိုင်မည့် အနေအထား ဖြစ်နေသည်။ ထို့အပြင် ယင်းအခြေအနေများ အမှန်တကယ် ဖြစ်ပွားခဲ့လျှင် အခြားသော အဖွဲ့အစည်းများမှာလည်း ထျန်းယွမ်နယ်မြေအား စိန်ခေါ်တိုက်ခိုက်ရန် စတင်တွေးတောလာကြပေလိမ့်မည်။

နယ်မြေအရှင်သခင် ပျောက်ဆုံးနေခြင်းက ထျန်းယွမ်နယ်မြေအား အဘက်ဘက်မှ ထိခိုက်နစ်နာစေသည်။ ယခုတစ်ကြိမ်တွင်လည်း တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ ထျန်းယွမ်နယ်မြေအား ရဲတင်းစွာဖြင့် သွေးတိုးစမ်းလာခဲ့လေပြီ။

.........

ထျန်းယွမ်နယ်မြေ တစ်ခုလုံးမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ စိန်ခေါ်စာကြောင့် ဒေါသထွက်နေကြရသည်။

နယ်မြေကြီးကိုးခု၏ တစ်ခုအပါအဝင်ဖြစ်သော ထျန်းယွမ်နယ်မြေမှလူများမှာ ဟွမ်းယွမ်ကောင်းကင်ဒေသတွင် ဝံ့ကြွားစွာ နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ အတိတ်ကာလများ၌ တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် ၎င်းတို့ထျန်းယွမ်နယ်မြေအား အမြဲတစေ ရိုသေကြောက်ရွံ့စွာ ဆက်ဆံခဲ့ကြရသည်။

ယခုတွင်မူ ရဲတင်းစွာဖြင့်ပင် ထျန်းယွမ်နယ်မြေအား စိန်ခေါ်ခဲ့လေပြီ။ ထိုသည်မှာ ထျန်းယွမ်နယ်မြေအား သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်စေသည်။ ထျန်းယွမ်နယ်မြေ၏ လူအများစုမှာ ထျန်းယွမ်ရှန်းဟွရှိ အကြီးအကဲများအား တောင်သုံးလုံးမဟာမိတ်အဖွဲ့ကို ပညာပေးလိုက်ရန် ဖိအားပေးလာကြသည်။

ထိုသို့ ဖိအားပေးနေကြပါသော်လည်း ထျန်းယွမ်နယ်မြေမှ လူအများ၏စိတ်တွင် စိုးရိမ်ပူပန်မှုများက ကြီးစိုးနေကြသည်။ အဘယ့်ကြောင့်ဆိုသော် စိန်ခေါ်စာသည် တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ ချန်းရှမ်တုံထံမှ ဖြစ်နေသောကြောင့်ပင်။ ထျန်းယွမ်ရှန်းဟွ၏ အကြီးအကဲများမှာ ထိုကိစ္စအား မည်သို့တုံ့ပြန်ကြပါမည်နည်း။

ချန်းရွှမ်တုံသည် ဟွမ်းယွမ်ကောင်းကင်ဒေသ၏ နတ်ဘုံခန်းဝါအဆင့်
ကျင့်ကြံသူများစာရင်းတွင် အဆင့်ကိုး ရရှိထားသည့်အပြင်
အလွန်ထူးချွန်သော ရွှက်ပုန်းသီး ပါရမီရှင်ဖြစ်ပြီး ထျန်းယွမ်နယ်မြေမှ
ရှိုးရှီခေါင်းဆောင် ဇူယွမ်ထက် များစွာကျော်ကြားသူ ဖြစ်သည်။ ထို့အပြင်
ရိုင်းစိုင်းလှသော စိန်ခေါ်စာအား ကြည့်ရှုံမှုဖြင့်ပင် ချန်းရွှမ်တုံသည်
ယခုတိုက်ပွဲအတွက် မည်မျှပင် ယုံကြည်မှုရှိနေကြောင်း မှန်းဆနိုင်သည်။

စိန်ခေါ်ပွဲတွင်သာ ဇူယွမ် ရှုံးနိမ့်သွားပါက နယ်မြေကိုးခုတွေ့ဆုံပွဲတွင်
ပါဝင်နိုင်မည့် အခွင့်အရေးအား ထျန်းယွမ်နယ်မြေမှ
လက်လွှတ်လိုက်ရပေလိမ့်မည်။ ထိုသို့သာဖြစ်ခဲ့ပါက
ထျန်းယွမ်နယ်မြေအနေဖြင့် မျက်နှာပြစရာပင် ရှိတော့မည်မဟုတ်ပေ။

စိန်ခေါ်စာအား ငြင်းပယ်ခဲ့လျှင်ရော....

နယ်မြေကြီးကိုးခုတွင် တစ်ခုအပါအဝင်ဖြစ်သော ထျန်းယွမ်နယ်မြေအနေဖြင့်
ပထမအဆင့် အဖွဲ့အစည်း၏ စိန်ခေါ်စာအား ငြင်းပယ်လိုက်လျှင်
ရှက်ဖွယ်အတိ ဖြစ်ရပေတော့မည်။

ထို့ကြောင့် အခြေအနေမှာ မလူးသာမလွန့်သာ အနေအထားဖြင့် ထျန်းယွမ်နယ်မြေမှလူများမှာ အတော်လေး ခေါင်းကိုက်နေရသည်။

..........

ထျန်းယွမ်ရှန်းဟွ၏ အစည်းအဝေးခန်းမတစ်ခု၌

ပုံရိပ်ငါးခုမှာ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြလေသည်။ ခန်းအတွင်း လေထုမှာ အတော်တင်းမာနေပုံ ရသည်။ ၎င်းတို့မှာ ထျန်းယွမ်နယ်မြေ၏ သေနာပတိများပင်။

အချိန်အတော်ကြာ ဆိတ်ငြိမ်နေပြီးနောက် သခင်ကြီး ရှွမ်ခွန်းမှာ စိန်ခေါ်စာအား ချီကျင့်သခင်မထံ ပေးလိုက်သည်။ "ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ။ စိန်ခေါ်စာကို လက်ခံကြမှာလား။"

ချီကျင့်သခင်မမှာ စိန်ခေါ်စာအား အလိုမကျဟန်ဖြင့် တစ်ချက်မျှ ကြည့်လိုက်သည်။ "သူတို့က စိန်ခေါ်ရဲမှတော့ ကျွန်မတို့က လက်မခံလို့ ရမလား။"

သခင်ကြီး ရွှမ်ခွန်းမှာ မျက်ဝန်းများ ကျဉ်းမြောင်းသွားရသည်။ "ပြောတာတော့ လွယ်တာပေါ့။ ချန်းရွှမ်တုံက ဘယ်လောက်တော်လဲ သခင်မလေးလည်း သိတယ်မလား။ တောင်သုံးလုံးမဟာမိတ်အဖွဲ့က သူ့ကိုသေချာကို လေ့ကျင့်ပေးထားတာ။ ဇူယွမ်က သူ့ကိုနိုင်မယ်ထင်လား။"

ချီကျင့်သခင်မမှာ အေးစက်စွာ ရယ်မောလိုက်သည်။ "စိန်ခေါ်တာကို လက်မခံရင် ကျွန်မတို့ ထျန်းယွမ်နယ်မြေက ပြစရာမျက်နှာတောင် မကျန်ဘူး ဖြစ်သွားမှာပေါ့။"

"ဒါပေမယ့် စိန်ခေါ်ပွဲမှာ ရှုံးသွားရင်လည်း ထျန်းယွမ်နယ်မြေပဲ သိက္ခာကျမှာလေ။" သခင်ကြီး ရွှမ်ခွန်းမှ ဖြည်းညင်းစွာ စကားဆိုလိုက်သည်။ "ဒီတောင်သုံးလုံးမဟာမိတ်အဖွဲ့က စိန်ခေါ်စာကို လျစ်လျူရှုထားလိုက်တာ ပိုကောင်းမယ်။ အဲ့လိုဆို သူတို့ရည်ရွယ်ချက်လည်း မအောင်မြင်တော့ဘူးပေါ့။"

ချီကျင့်သခင်မမှ တုံ့ပြန်လိုက်သည်။ "လိပ်တစ်ကောင်လို ခေါင်းဝှက်ထားရမှာလား။ ကျွန်မရဲ့ ဆရာသခင်သာ ပြန်ရောက်လာခဲ့ရင် ဒေါသထွက်လွန်းလို့ သွေးတက်သွားနိုင်တယ်။"

ပိုင်စဲ့ကလန်မှ မျိုးနွယ်စုခေါင်းဆောင် ပိုင်ရီမှာ ခပ်ဖွဖွပြုံးလိုက်သည်။ "ချီကျင့်သခင်မက နယ်မြေအရှင်သခင် ကန်းယွမ်နဲ့ အဆက်အသွယ် ရှိတယ်မလား။ ကျွန်တော်တို့ နယ်မြေအရှင်သခင် ကန်းယွမ်ရဲ့ သတင်းအချက်အလက်လောက်ကို ဖြန့်လိုက်ရင်ကို တောင်သုံးလုံးမဟာမိတ်အဖွဲ့က ရှေ့တိုးရဲတော့မှာ မဟုတ်ဘူး။"

ချီကျင့်သခင်မမှ တည်ငြိမ်စွာ ပြောလိုက်သည်။ "ဘာမဟုတ်တာလေးနဲ့ ဆရာသခင်အကြောင်းကို ဖြန့်ပစ်ရမှာလား။ ဆရာသခင်မှာ ဘာကိစ္စတွေရှိနေလဲ ကျွန်မလည်း သေချာမသိဘူး။ အချိန်တန်ရင် သူ့ဘာသူ ပြန်လာလိမ့်မယ်။"

မျိုးနွယ်စုခေါင်းဆောင် ပိုင်ရီမှာ ညင်သာစွာ သက်ပြင်းချလိုက်သည်။ "ကြားမိတာတော့ တော်ဝင်နန်းတော်နဲ့ တိုက်ခိုက်ပြီး နယ်မြေအရှင်သခင် ကန်းယွမ်က သေသွားပြီဆို။ အဲ့ကောလဟာလက အမှန်များလား။"

ချီကျင့်သခင်မ၏ မျက်ဝန်းများမှာ အေးစက်တောင့်တင်းသွားရသည်။

အရှင်မ မုနီမှ စကားဆိုလိုက်သည်။ "မျိုးနွယ်စုခေါင်းဆောင် ပိုင်ရီက အဲ့လိုထင်တယ်ဆိုရင် ပိုင်စဲ့ကလန်နဲ့အတူ ထျန်းယွမ်နယ်မြေကနေ ထွက်သွားလို့ရပါတယ်။ ဘယ်သူကမှ ရှင်တို့ကို မတားပါဘူး။"

မျိုးနွယ်စုခေါင်းဆောင် ပိုင်ရီမှာ မျက်နှာပျက်သွားပါသော်လည်း မည်သည့်စကားမှ ထပ်ဟမဆိုရဲတော့ပေ။ အကယ်၍ နယ်မြေအရှင်သခင် ကန်းယွမ်သာ ရှိနေပါက အစောပိုင်းက စကားမျိုးကိုပင် သူ့အနေဖြင့် ပြောရဲမည်မဟုတ်။ သူတော်စင်တစ်ဦး၏ ဒေါသတရားသည် မည်မျှကြောက်မက်ဖွယ်ကောင်းကြောင်း အားလုံးမှ ကောင်းစွာသိရှိထားကြသည် မဟုတ်ပါလော။

ရှင်းခယ်ရွှယ်ကျင်းကလန်၏ မျိုးနွယ်စုခေါင်းဆောင် ပင်းချန်မှ လေးနက်စွာဖြင့် ပြောလိုက်သည်။ "မလိုတာတွေ ပြောမနေကြပါနဲ့တော့။ ကျွန်တော်တို့အားလုံးက ထျန်းယွမ်နယ်မြေက လူတွေပဲမလား။"

သေနာပတိများအားလုံးမှာ ထိုစကားကြောင့် ငြိမ်သက်သွားကြသည်။

မျိုးနွယ်စုခေါင်းဆောင် ပိုင်ရီမှ စကားဆိုလာသည်။ "ရှိုးရှီခေါင်းဆောင် ဇူယွမ်ရဲ့ အခြေအနေကရော ဘယ်လိုရှိလဲ။"

ချီကျင့်သခင်မမှ တုံ့ပြန်လိုက်သည်။ "သူကအခု သီးသန့်ကျင့်ကြံနေတယ်။"

မျိုးနွယ်စုခေါင်းဆောင် ပိုင်ရီမှ အကြံပေးလိုက်သည်။ "ဒီကိစ္စက ရှိုးရှီခေါင်းဆောင် ဇူယွမ်နဲ့ ပက်သတ်နေတာဆိုတော့ ကျွန်တော်တို့ သူ့အမြင်ကို မေးကြည့်သင့်တယ်။"

ချီကျင့်သခင်မမှ ခေါင်းညိတ်သဘောတူလိုက်သည်။ ထိုအချိန်မှာပင် ကျောက်စိမ်းပြားတစ်ခု သူမထံ ရောက်ရှိလာသည်။

"ဒါက အကြီးအကဲရိုဆီကပဲ။ သူပြောတာက ဇူယွမ်က စိန်ခေါ်စာအကြောင်းကို သိထားပြီးပြီတဲ့...." ချီကျင့်သခင်မမှာ ကျောက်စိမ်းပြားအတွင်းမှ အချက်အလက်များကို ဖတ်ရှုနေသည်။ "စိန်ခေါ်ပွဲကို တစ်လလောက် နောက်ဆုတ်ပေးပါတဲ့။ စိန်ခေါ်တာကို လက်ခံပါတယ်လို့ ပြောတယ်။"

သေနာပတိများ၏ အမူအရာမှာ ပြောင်းလဲသွားရသည်။

သခင်ကြီး ရွှမ်ခွန်းမှ စကားဆိုလိုက်သည်။ "ဒီကောင်လေးက အသက်သာငယ်တာ တော်တော်ကြီးကြီးကျယ်ကျယ်နိုင်တာပဲ။ စိန်ခေါ်တာကို အဲ့လိုလက်ခံချင်တိုင်း လက်ခံလို့ရမလား။ ဒီကိစ္စက သူတစ်ယောက်တည်းတင် မဟုတ်ဘူး။ ထျန်းယွမ်နယ်မြေ တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်နေတဲ့ဟာကို။"

ချီကျင့်သခင်မမှ တည်ငြိမ်စွာ ပြောလိုက်သည်။ "သခင်ကြီး ရွှမ်ခွန်းမှာ ဒီထက်ကောင်းတဲ့ အစီအစဉ်ရှိရင်ပြောလေ။ ကျွန်မတို့ နားထောင်ကြည့်ရတာပေါ့။"

သခင်ကြီး ရွှမ်ခွန်းမှာ ခပ်ဖွဖွ ရယ်မောလိုက်သည်။ "ဒီအဖိုးကြီးမှာ ဘာအစီအစဉ်မှ မရှိပါဘူး။ စိန်ခေါ်တာကို လက်ခံချင်လည်း လက်ခံလိုက်ကြပေါ့။ ရှုံးသွားခဲ့ရင် ဖြစ်လာမယ့် အကျိုးဆက်တွေကိုသာ သခင်မလေး ကိုင်တွယ်နိုင်ဖို့ မျှော်လင့်တယ်။"

သခင်ကြီး ရွှမ်ခွန်း၏ စကားအဓိပ္ပါယ်မှာ ထင်ရှားလွန်းလှသည်။

ချီကျင့်သခင်မမှာ အနည်းငယ်မျှပင် ဂရုမစိုက်ဟန်ဖြင့် -"စိတ်မပူပါနဲ့။ ထျန်းယွမ်နယ်မြေက ကျွန်မရဲ့ ဆရာသခင်ပိုင်တာလေ။ အဲ့ဒါကြောင့်

ကျွန်မအသက်နဲ့ လဲရမယ်ဆိုရင်တောင် ထျန်းယွမ်နယ်မြေကို ဂုဏ်သိက္ခာ မကျစေရဘူး။"

ထိုစကားနှင့်အတူ ဆုံးဖြတ်ချက် ပြတ်သားနေသော မျက်ဝန်းများဖြင့် သူမ မတ်တပ်ထရပ်လိုက်သည်။

"တောင်သုံးလုံးမဟာမိတ်အဖွဲ့ကို စာပြန်လိုက်။ ထျန်းယွမ်နယ်မြေက စိန်ခေါ်မှုကို လက်ခံကြောင်းနဲ့ နောက်တစ်လနေရင် စိန်ခေါ်ပွဲကို ကျင်းပပေးမယ်လို့ပြောလိုက်။ ပြီးတော့ ဒီစိန်ခေါ်ပွဲက အလကား မရဘူး။ တောင်သုံးလုံးမဟာမိတ်အဖွဲ့အနေနဲ့ ငါတို့ကို စိန်ခေါ်ချင်တယ်ဆိုရင် အဆုံးမဲ့နတ်ဘုံခန်းဝါသစ်သီး အလုံးတစ်ရာ ပြင်ထားဖို့ပါပြောလိုက်။"

"တကယ်လို့ သူတို့ရှုံးသွားမယ်ဆိုရင် ပမာဏက သုံးရာဖြစ်သွားမယ်ဆိုတာပါ ပြောထားလိုက်။"

အဆုံးမဲ့နတ်ဘုံခန်းဝါသစ်သီးသည် တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ မူလရင်းမြစ်တစ်မျိုး ဖြစ်သည်။ ထိုသစ်သီးသည် နတ်ဘုံခန်းဝါ နိဗ္ဗာန်တစ်ချပ်အား ဖွင့်လှစ်ပေးနိုင်သည်။ သို့သော် ယင်းသစ်သီးအား တစ်သက်တွင် တစ်ကြိမ်သာ အသုံးပြုနိုင်ပြီး နတ်ဘုံခန်းဝါအဆင့်

ကျင့်ကြံသူများအတွက်သာ အကျိုးသက်ရောက်မှု ရှိသည်။
ဎင်းအဆုံးမဲ့နတ်ဘုံခန်းဝါသစ်သီးသည် တောင်သုံးလုံးမဟာမိတ်အဖွဲ့၏
အကောင်းဆုံး မူလရင်းမြစ်ဟု ဆိုနိုင်သည်။

သို့သော် တောင်သုံးလုံးမဟာမိတ်အဖွဲ့ အနေဖြင့်ပင်
အဆုံးမဲ့နတ်ဘုံခန်းဝါသစ်သီး သုံးရာမှာ နှစ်ပေါင်းများစွာ ထုတ်လုပ်ရမည့်
ပမာဏပင်ဖြစ်လေသည်။

ချီကျင့်သခင်မမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ စိန်ခေါ်ခြင်းအား
အညှာအတာကင်းမဲ့စွာ တုံ့ပြန်နေခြင်းပင် ဖြစ်ပေတော့သတည်း....။

---

အပိုင်း (၉၀၆) : စိန်ခေါ်စာကို လက်ခံခြင်း၏ နောက်ဆက်တွဲ

စိန်ခေါ်စာအား လက်ခံလိုက်သည့် အကြောင်းမှာလည်း
ထျန်းယွမ်နယ်မြေတခွင် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေခဲ့ပြန်သည်။ အနီးနားရှိ

နယ်မြေများမှာလည်း အဓိပ္ပါယ် အပြည့်ရှိနေသော စိန်ခေါ်ပွဲအား ဂရုတစိုက် စောင့်ကြည့်နေကြသည်။

အခြားသော အဖွဲ့အစည်းများမှာလည်း စိန်ခေါ်စာအား လက်ခံလိုက်သည့် ထျန်းယွမ်နယ်မြေ၏ လုပ်ရပ်သည် ဆင်ခြင်တုံတရား ကင်းမဲ့သော ဆုံးဖြတ်ချက်ဟု ယူဆကြသည်။ အားသာနေသော ရန်သူ၏ စိန်ခေါ်ခြင်းကို လက်ခံလိုက်သည်မှာ မှားယွင်းနေသည်ပင် မဟုတ်ပါလော။

တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် စိန်ခေါ်ပွဲတွင် ချန်းရွှမ်တုံ အနိုင်ရရှိလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားကြခြင်း ဖြစ်သည်။ ဟွမ်းယွမ်ကောင်းကင်ဒေသ၏ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းတွင်လည်း ချန်းရွှမ်တုံမှာ အဆင့်ကိုး ရရှိထားပြီး အရည်အချင်းအရ ကြည့်ရှုမည်ဆိုပါကလည်း လုရှောင်းရော၊ ဇူယွမ်ပါ ၎င်းနှင့်မယှဉ်ပြိုင်နိုင်လောက်ပေ။

စိန်ခေါ်ပွဲတွင် ဇူယွမ် ရှုံးနိမ့်သွားပါက ထျန်းယွမ်နယ်မြေမှာ အတော်ပင် မျက်နှာပျက်ရပေလိမ့်မည် ဖြစ်သည်။ နယ်မြေတစ်ခုလုံး၏ ဂုဏ်သိက္ခာအား နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူတစ်ဦးမှ ထမ်းပိုးထားရသည်မှာ အဓိပ္ပါယ်မရှိ။

ထို့အပြင် စိန်ခေါ်ပွဲအား တစ်လနောက်ဆုတ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ရှိုးရှီခေါင်းဆောင် ဇူယွမ်သည် မိမိကိုယ်ကို ယုံကြည်ချက် ရှိပုံမရပေ။ သူသည် တစ်လအတွင်း တိုးတက်မှုများ ရရှိလာရန် မျှော်လင့်ထားပုံပင်။ လက်ရှိတွင် ရှိုးရှီခေါင်းဆောင်သည် နတ်ဘုံခန်းဝါ နိဗ္ဗာန်ခုနစ်ခုသာ ချိတ်ဆက်ထားနိုင်ကြောင်း လူတိုင်းသိထားကြသည်။ သူ၏နောက်ဆုံး နိဗ္ဗာန်နှစ်ခုကိုသာ ဖွင့်လှစ်နိုင်ခဲ့ပါက ချန်းရွှမ်တုံထက် သာလွန်သွားနိုင်ပါသော်လည်း အချိန်နှင့်ဒီရေသည် လူကိုမစောင့်။ မည်သူကမှ တစ်ဖက်ရန်သူ တိုးတက်လာမည့်အချိန်ကို စိတ်ရှည်ရှည် စောင့်ဆိုင်းနေမည် မဟုတ်ပေ။

မည်သို့ပင်ဆိုစေကာမူ ထျန်းယွမ်နယ်မြေမှလူများမှာ စိန်ခေါ်ပွဲကို လက်ခံခြင်းအား ထောက်ခံပေးကြသည်။ ချန်းရွှမ်တုံနှင့် ဇူယွမ် တိုက်ခိုက်ကြသည်နှင့် အဖြူအမည်း သဲကွဲသွားလိမ့်မည်ဟုလည်း ယူဆထားကြသည်။ သို့သော် ဟွမ်းယွမ်ကောင်းကင်ဒေသ၏ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းတွင် ဇူယွမ်မှာ ချန်းရွှမ်တုံထက် အဆင့်နိမ့်နေသောကြောင့် စိုးရိမ်ပူပန်နေကြသူများလည်း ရှိသည်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ ချန်းရွှမ်တုံမှာ ထျန်းယွမ်နယ်မြေ၏ စိန်ခေါ်ပွဲ လက်ခံခြင်းအား ရိုးရှင်းစွာသာ တုံ့ပြန်ခဲ့သည်။

"အချိန်မရွေးပဲ"ဟူ၍....

သူသည် အလွန်ပင် ယုံကြည်ချက် ပြည့်ဝနေပုံပင်။

.........

နန်းဆောင်လေးခုမှာလည်း စိန်ခေါ်ပွဲ အရေးကိစ္စကြောင့် အတော်ပင် ရုတ်ရုတ်သဲသဲ ဖြစ်နေရသည်။ ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ တပည့်များသည်ပင် ပဋိပက္ခများကို ခဝါချလျက် ဇူယွမ်ဘက်မှ ရပ်တည်ပေးလာကြသည်။ လက်ရှိအချိန်တွင် ဇူယွမ်ကသာ ထျန်းယွမ်နယ်မြေမှ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများအားလုံးအတွက် ကိုယ်စားပြု မဟုတ်ပါလော။

ဇူယွမ်သာ ချန်းရှွမ်တုံကို ရှုံးနိမ့်ခဲ့ပါက ထျန်းယွမ်နယ်မြေ၏ ဂုဏ်သိက္ခာအားလုံး ပျက်စီးသွားရပေလိမ့်မည်။ ထို့ကြောင့် ကျင်းရှန်းကောင်းကင်ဂိုဏ်းမှ တပည့်များသည်ပင် ဇူယွမ် ရှုံးနိမ့်မည်ကို မလိုလားကြခြင်း ဖြစ်သည်။

နန်းဆောင်လေးခုလုံးမှာ ရှိုးရီခေါင်းဆောင် ဖြစ်သူအတွက်
အားပေးထောက်ခံနေကြသည်။

..........

ရှိုးရီခေါင်းဆောင် အိမ်တော်၌

ရိချိုးရွှယ်နှင့် ရဲ့ပင်းလင်တို့၏ အမူအရာမှာ လေးနက်တည်ငြိမ်နေသည်။
အချိန်အတော်ကြာမျှ ပတ်ဝန်းကျင်မှာ ငြိမ်သက်နေပြီးနောက် ရဲ့ပင်းလင်မှ
စကားဆိုလိုက်သည်။ "ဇူယွမ် ဘယ်မှာလဲ။"

"သူက သီးသန့်ကျင့်ကြံနေတာလေ။" ရိချိုးရွှယ်မှ ညင်သာစွာ
သက်ပြင်းချလိုက်သည်။ ရှိုးရီခေါင်းဆောင် ဖြစ်လာသည်နှင့်တစ်ပြိုင်နက်
အန္တရာယ်ရှိသော ခြိမ်းခြောက်မှုမျိုး ခံရလိမ့်မည်ဟု သူမတစ်ခါမှပင်
တွေးမထားခဲ့ဖူးချေ။ ချန်းရွှမ်တုံသည် လုရှောင်းထက်ပို၍ အင်အားကြီးသော
ရန်သူဖြစ်သည်။

ရဲ့ပင်းလင်မှာ အံကိုနာနာကြိတ်ထားမိသည်။
"တောင်သုံးလုံးမဟာမိတ်အဖွဲ့က တကယ်တရားလွန်လွန်းတယ်။"

ပထမအဆင့် အဖွဲ့အစည်းတစ်ခုမှ နယ်မြေကြီးကိုးခုအား စိန်ခေါ်ခြင်းမှာ ဟွမ်းယွမ်ကောင်းကင်ဒေသတွင် အလွန်ရှားပါးသော ဖြစ်ရပ်တစ်ခုပင်။ ထို့ကြောင့် ထျန်းယွမ်နယ်မြေမှလူများမှာ ယခုကိစ္စအပေါ် ဒေါသထွက်ရသည့်အပြင် စော်ကားခံရသည်ဟုလည်း ခံစားကြရသည်။

"ဖူယွမ်က စိန်ခေါ်တာကို သူ့သဘောနဲ့သူ လက်ခံလိုက်တယ်ဆို..." ရဲ့ပင်းလင်မှာ အနည်းငယ် စိုးရိမ်ပူပန်နေပုံ ရသည်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ အကြံအစည်မှာ ပြောင်မြောက်လှသည်။ နှစ်ဖက်စလုံး တိုက်ခိုက်ကြမည်ဆိုလျှင် ထျန်းယွမ်နယ်မြေအနေဖြင့် လောကကိုကြီးစိုးခြင်းအဆင့်၊ ရင်းမြစ်အခြေတည်အဆင့်တို့တွင် အင်အားသာလွန်မှုများကြောင့် ကြောက်ရွံ့နေစရာ မရှိပေ။ သို့သော် တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် ၎င်းတို့၏ အားနည်းချက်ဖြစ်သော နတ်ဘုံခန်းဝါအဆင့်ကိုမှ လာရောက်စိန်ခေါ်ခဲ့သည်။

လွန်ခဲ့သော နှစ်များအတွင်း ထျန်းယွမ်နယ်မြေမှ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများမှာ ထူးထူးခြားခြား တိုးတက်လာခြင်း မရှိခဲ့။ နန်းဆောင်လေးခု ပြဿနာကြောင့်လည်း ဖြစ်နိုင်ပေသည်။

ရိချိုးရှယ်မှာ လေးပင်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ အဖိုးဖြစ်သူထံမှတဆင့် စိန်ခေါ်ခြင်းအား ဇူယွမ်ကိုယ်တိုင် လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ရိချိုးရှယ်မှ စကားဆိုလိုက်သည်။ "ဇူယွမ်က မဆင်မခြင် လုပ်တတ်တဲ့သူ မဟုတ်ပါဘူး။ ဒီကိစ္စက အရေးကြီးမှန်း သူလည်းသိနေတာပဲ။ အစီအစဉ် တစ်ခုခုရှိလို့ စိန်ခေါ်တာကို လက်ခံလိုက်တာ နေမှာပါ။"

ဇူယွမ်နှင့် အချိန်အတိုင်းအတာ တစ်ခုအထိ ရင်းနှီးခဲ့ပြီးနောက်တွင် ရိချိုးရှယ်မှာ ဇူယွမ်၏အကြောင်းကို တဖြည်းဖြည်းပို၍ နားလည်လာခဲ့သည်။

ရဲ့ပင်းလင်မှာ ခါးသက်စွာ ရယ်မောလိုက်မိသည်။ မည်သို့ပင်ဆိုစေကာမူ သူမတို့အနေဖြင့် ရွေးချယ်စရာ မရှိပေ။ ချန်းရှမ်တုံသည် ဇူယွမ်အား အမည်အတိအကျဖြင့် စိန်ခေါ်ခြင်း ဖြစ်သောကြောင့် လက်မခံလျှင်လည်း ထျန်းယွမ်နယ်မြေ၏ ဂုဏ်သိက္ခာမှာ လူအများတံထွေးခွက်တွင်ပက်လက် မျောရပေလိမ့်မည်။ ထို့ကြောင့် ဇူယွမ်အနေဖြင့် လုရှောင်းထက်ပို၍ အန္တရာယ်များသော ရန်သူအား ထိပ်တိုက်ရင်ဆိုင်ရန်သာ ရှိတော့သည်။

.........

မီးနန်းဆောင်၌

လုရှောင်း၊ ကျူးလျန်၊ ကျိုယာနှင့် အခြားသူများ စုဝေးနေကြသည်။ ၎င်းတို့သည်လည်း စိန်ခေါ်စာအကြောင်း သိရှိခဲ့ကြပြီပင်။

"ဇူယွမ်က တကယ်ဦးနှောက်မရှိတာပဲ။ ရှိုးရီခေါင်းဆောင် ဖြစ်လာတာနဲ့ သူ့ကိုယ်သူ ပြိုင်ဘက်မရှိတော့တဲ့သူဖြစ်ပြီ ထင်နေတာလား။"

ကျိုယာ၏အသံမှာ ဒေါသရိပ်များ လွှမ်းမိုးနေသည်။ ချန်းရှွမ်တုံအား ဇူယွမ်အနိုင်ရလိမ့်မည်ဟု သူမ မည်သို့မျှ မယုံကြည်ပေ။ သူမ၏အမြင်တွင်မူ စိန်ခေါ်စာအား လက်ခံခြင်းမှာ ရူးမိုက်လွန်းသော လုပ်ရပ်ဖြစ်သည်။ ဇူယွမ်သာ ရှုံးနိမ့်သွားပါက ထျန်းယွမ်နယ်မြေ တစ်ခုလုံးမှာ လူရယ်စရာ ပြက်လုံးတစ်ခု ဖြစ်သွားရပေလိမ့်မည်။

ကျူးလျန်မှ စကားဆိုလိုက်သည်။ "သခင်လေး လုရှောင်းရော ဘယ်လိုထင်လဲ။"

ယခုကိစ္စတွင် ၎င်းတို့မှာ ဇူယွမ်နှင့် တစ်လှေတည်း ခရီးသွားသူများ ဖြစ်ကြသည်။ ဇူယွမ်၏ အောင်မြင်မှုသည် ၎င်းတို့၏ အောင်မြင်မှုဖြစ်ပြီး ဇူယွမ်၏ ရှုံးနိမ့်မှုမှာ ၎င်းတို့၏ ရှုံးနိမ့်မှု ဖြစ်လာလိမ့်မည်ပင်။ ထို့ကြောင့် မည်မျှပင် မုန်းတီးနေစေကာမူ ဇူယွမ်အား ထောက်ခံကြရန်သာ တတ်နိုင်ပေသည်။

လုရှောင်းမှာ ခေတ္တမျှ ငြိမ်သက်နေပြီးနောက် တုံ့ပြန်လိုက်သည်။ "မလွယ်လောက်ဘူး။ ငါမှန်းတာမမှားရင် ချန်းရွှမ်တုံရဲ့ ချီစွမ်းအင်အခြေခံအုတ်မြစ်က ချီကြယ်ပွင့် သန်းသုံးဆယ်လောက် ရှိလိမ့်မယ်။"

ထိုစကားက ကျူးလျန်တို့အား သွေးပျက်သွားစေသည်။

လုရှောင်းသည်ပင် ချီကြယ်ပွင့် နှစ်ဆယ့်သုံးသန်းသာ ရှိသည်။ သို့သော် ချန်းရွှမ်တုံတွင် ချီကြယ်ပွင့် သန်းသုံးဆယ်ရှိသည်ဟု ယူဆရလေသည်။

"ဒါကဘာမှမထူးဆန်းပါဘူး။" လုရှောင်းမှ တည်ငြိမ်စွာ စကားဆက်လိုက်သည်။ "နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းရဲ့ ထိပ်ဆုံးနေရာက လူတွေကို ကောင်းကင်ဘုံနေမင်းငယ်အဆင့်တွေလို့တောင်

နာမည်ပြောင်ပေးထားကြတယ်လေ။ ချန်းရွှမ်တုံက သူတို့နဲ့ မယှဉ်နိုင်သေးပေမယ့် ချီကြယ်ပွင့် သန်းသုံးဆယ် အနေအထားကိုရောက်ဖို့ကတော့ ဘာလို့မဖြစ်နိုင်ရမှာလဲ။"

"ငါနဲ့တိုက်တုန်းက ဇူယွမ်မှာ ချီကြယ်ပွင့် နှစ်ဆယ့်တစ်သန်း ရှိတယ်။ သူသာ ရှစ်ခုမြောက် နိဗ္ဗာန်ကို ဖွင့်နိုင်ခဲ့ရင်တော့ ချန်းရွှမ်တုံနဲ့ တိုက်လို့ရလောက်မှာပါ။"

"ဒါပေမယ့် နတ်ဘုံခန်းဝါ နိဗ္ဗာန်ကိုးခုထဲမှာ နောက်ဆုံးနှစ်ခုက ဖွင့်ရအခက်ဆုံးပဲ။ ငါကြားတာတော့ ဇူယွမ်က မူလလိပ်ပြာလေးခုမျှော်စင်မှာပဲ အချိန်ကုန်နေတယ်တဲ့။ ကြည့်ရတာ တောင်တန်းလိပ်ပြာမျှော်စာလုံးနဲ့ သစ်တောလိပ်ပြာမျှော်စာလုံးကို အာရုံစိုက်နေတာထင်တယ်။ အဲ့တော့ ရှစ်ခုမြောက် နိဗ္ဗာန်ကို ဖွင့်နိုင်ဖို့ကတော့ သိပ်မဖြစ်နိုင်ဘူးထင်တယ်။"

"လိပ်ပြာမျှော်စာလုံး လေးခုလုံး ပြီးသွားရင်တောင် ချန်းရွှမ်တုံရဲ့ ပြိုင်ဘက်ဖြစ်နိုင်ဦးမှာ မဟုတ်ဘူး။"

လုရှောင်းမှာ စကားဆိုနေရင်းဖြင့် ခေါင်းတခါခါ လုပ်နေမိသည်။

"ငါတို့ရဲ့ ရှိုးရှီခေါင်းဆောင်က ဒီတစ်ခါတော့ ရှုံးဖို့များနေတယ်။"

--------------------------------------------

အပိုင်း ( ၉၁၇ ) : အာရုံစိုက်ခံရခြင်း

တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ စိန်ခေါ်စာအား ဇူယွမ်မှ လက်ခံလိုက်ခြင်းမှာ ဟွမ်းယွမ်ကောင်းကင်ဒေသတခွင် ဟိုးလေးတကျော်ကျော် ဖြစ်သွားခဲ့သည်။

အဖွဲ့အစည်းများစွာမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့နှင့် ထျန်းယွမ်နယ်မြေတို့ကြားရှိ နယ်နိမိတ်တွင် စခန်းချကာ လေ့လာစောင့်ကြည့်ကုန်ကြသည်။

နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူနှစ်ဦး၏ တိုက်ပွဲ ဖြစ်ပါသော်လည်း ပထမအဆင့် အဖွဲ့အစည်းနှင့် နယ်မြေကြီးကိုးခုတွင် တစ်ခုအပါအဝင်ဖြစ်သော ထျန်းယွမ်နယ်မြေတို့၏ ထိပ်တိုက်တွေ့ဆုံခြင်း

ဖြစ်သောကြောင့် လူအများ စိတ်ဝင်စားနေကြသည်။ တိုက်ပွဲရလဒ်သည်လည်း ဟွမ်းယွမ်ကောင်းကင်ဒေသ တခွင်လုံးကို လှုပ်ခတ်စေဦးမည်ပင်။

ထို့ကြောင့် ဟွမ်းယွမ်ကောင်းကင်ဒေသ တစ်ခုလုံးမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့နှင့် ထျန်းယွမ်နယ်မြေတို့အား စောင့်ကြည့်နေကြပြီ ဖြစ်သည်။

........

ရွှမ်းကျီနယ်မြေ၌

ကျူးကုံမှာ ရရှိထားသော သတင်းအချက်အလက်များကို ဖတ်ရှုနေလျက် ရှိသည်။ အချိန်တစ်ခုမျှ ကြာမြင့်သွားပြီးနောက် သူမ ဖြည်းညင်းစွာ စကားဆိုလာသည်။ "တောင်သုံးလုံးမဟာမိတ်အဖွဲ့က တကယ့်အချိန်အခါကို ရွေးတတ်တယ်။"

အနီးတွင်ရှိနေသော လှပသည့် မိန်းမပျိုလေးမှ မေးလိုက်သည်။ "အမတော်က ဘယ်သူနိုင်မယ်လို့ထင်လဲ။"

"အဆင့်အရ ကြည့်မယ်ဆိုရင်တော့ ချန်းရွှမ်တုံပဲ နိုင်မှာပေါ့။" ကျူးကုံမှာ ကူကယ်ရာမဲ့စွာ ရယ်မောလိုက်သည်။ "ဒါပေမယ့် ဒီအဆင့်တွေက ငါကိုယ်တိုင် သတ်မှတ်ပေးထားတာလေ။ တကယ်လို့ မထင်မှတ်တာ တစ်ခုခုဖြစ်လာခဲ့ရင် ငါ့ရဲ့အဆင့်သတ်မှတ်တဲ့ အရည်အချင်းက မလုံလောက်သေးဘူးလို့ ပြောရမှာပဲ။"

သူမ ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် စကားဆက်လိုက်သည်။ "ဘာပဲဖြစ်ဖြစ် အဆင့်တွေက အရည်အချင်း အစစ်ကိုတော့ ကိုယ်စားမပြုပါဘူး။ မဟုတ်ရင် အဆင့်သတ်မှတ်ချက်နဲ့တင် အဆင့်နိမ့်တဲ့သူက မြင့်တဲ့သူကို အရိုအသေ ပေးနေရမှာပေါ့။"

"ဇူယွမ်ကို အဆင့်ဆယ့်လေးနေရာ ပေးခဲ့တာက လုရှောင်းကြောင့်ပဲ။ ဇူယွမ်ရဲ့ အရည်အချင်း ဘယ်လောက်ရှိလဲဆိုတာ ငါလည်းမပြောတတ်ဘူး။ လုရှောင်းကို နိုင်သွားတာမို့လို့ လုရှောင်းရှိသင့်တဲ့နေရာမှာ သူ့ကိုထားလိုက်ရုံပဲ။"

ကျူးကုံမှာ ချန်းရွှမ်တုံနှင့် ဇူယွမ်တို့အကြောင်း ရေးသားထားသော ကျောက်စိမ်းပြားအား ဆုပ်ကိုင်ကာ သေချာဖတ်ရှုကြည့်လိုက်ပြီးနောက် ဆက်၍ပြောပြန်သည်။ "အခုရထားတဲ့

သတင်းအချက်အလက်တွေအရဆိုရင်တော့ ဇူယွမ်သာ တစ်လအတွင်း သိသိသာသာ မတိုးတက်လာရင် ချန်းရွှမ်တုံကို ရှုံးမှာပဲ။"

"အမတော်က ချန်းရွှမ်တုံကို တော်တော်တွေးထားပုံပဲ။"

ကျူးကုံမှာ ကျောက်စိမ်းပြားအား စားပွဲပေါ် တင်ပေးလိုက်သည်။ "ငါတွေးနေတာ မဟုတ်ဘူး။ ရထားတဲ့ သတင်းတွေအရ ခန့်မှန်းကြည့်နေတာ။"

သူမ ခေါင်းကိုခါယမ်းကာ သက်ပြင်းချလိုက်သည်။

"ဇူယွမ်သာရှုံးရင် ထျန်းယွမ်နယ်မြေကတော့ မျက်နှာပြစရာတောင် ကျန်မှာမဟုတ်ဘူး။ နှမြောစရာပဲ။ နယ်မြေအရှင်သခင် ကန်းယွမ်သာ ရှိနေခဲ့ရင် ထျန်းယွမ်နယ်မြေကို ဘယ်သူကများ လာစော်ကားရဲမှာလဲ။"

သူမ အတွေးများကို လျင်မြန်စွာ ဖြတ်တောက်ပစ်လိုက်သည်။ နယ်မြေကိုးခုတွေ့ဆုံပွဲမှာ သုံးလအတွင်း ရောက်ရှိလာတော့မည် ဖြစ်သောကြောင့် အခြားအကြောင်းအရာများအပေါ် အာရုံစိုက်နေရန် အချိန်မရှိပေ။

နယ်မြေကိုးခုတွေ့ဆုံပွဲတွင် ဟွမ်းယွမ်ကောင်းကင်ဒေသ၏ အစစ်အမှန် ထိပ်သီးအဆင့် ကျင့်ကြံသူများကို တွေ့ရှိရပေလိမ့်မည်။ ဇူယွမ်နှင့် ချန်းရှမ်တုံတို့မှာ ၎င်းတို့နှင့် နှိုင်းယှဉ်ပါက ပုရွက်ဆိတ်သာသာ အဆင့်သာရှိသည်။

.........

ဝူရှန်းနယ်မြေ၌

ဝူယောင်မှာ ကျောက်စားပွဲ တစ်ခုပေါ်တွင်ထိုင်လျက် ရှုခင်းများကို ငေးမောနေလျက် ရှိသည်။ ရဲရဲတောက်နေသော ဝတ်စုံက သူမ၏အရှိန်အဝါကို ပိုမိုထည်ဝါစေသကဲ့သို့ ဖြစ်နေသည်။ လက်ထဲတွင် ကျောက်စိမ်းပြားတစ်ခုကို ဆုပ်ကိုင်ထားပြီး သူမ၏ နှုတ်ခမ်းသားများက ကွေးညွတ်လျက် ဆွဲဆောင်မှုရှိသော အပြုံးတစ်ပွင့်ကို ဖန်ဆင်းပေးနေ၏။

သူမဘေးတွင် ရှိနေသော လူငယ်တစ်ဦးမှ ပြုံးကာပြောလိုက်သည်။ "တောင်သုံးလုံးမဟာမိတ်အဖွဲ့က တစ်ရက်တခြား ပိုပိုဆိုးလာပါလား။ အခုတခေါက်တော့ ထျန်းယွမ်နယ်မြေအတွက် မတွေးရဲစရာပဲ။"

ထိုလူငယ်သည် အဖြူရောင်ဝတ်စုံကို ဆင်မြန်းထားပြီး ထူးခြားသည့်သွင်ပြင်ရှိသည်။ သူသည် လန်ထင်းဟု အမည်ရပြီး ဝူရှန်းနယ်မြေ၏ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများအနက် ဒုတိယမြောက် အထူးချွန်ဆုံးဖြစ်သည်။ လင်ထင်းသည် အလွန်အရည်အချင်းရှိကာ ဟွမ်းယွမ်ကောင်းကင်ဒေသ၏ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းတွင် ထိပ်သီးနေရာတစ်ခု ရရှိနိုင်ပါသော်လည်း ဝူရှန်းနယ်မြေ၏ ဝှက်ဖဲတစ်ခုအဖြစ်သာ နေထိုင်ခဲ့သည်။

လန်ထင်းမှာ အနီရောင်ဝတ်စုံအား ဝတ်ဆင်ထားသော စွဲမက်ဖွယ်ကောင်းလှသည့် ဝူယောင်ကို ငေးမောကြည့်ရှုနေလျက် ရှိသည်။ ကေရီတစ်ပါးကဲ့သို့ စူးရှထက်မြက်လှသည့် သူမ၏ပုံစံမှာ သူ၏နှလုံးသားတွင် တံဆိပ်ခတ်နှိပ်ထားသကဲ့သို့ စွဲထင်နေခဲ့သည်။ သို့သော် လန်ထင်းမှာ ချစ်ခင်မြတ်နိုးမှုများကို လျှို့ဝှက်ချက်တစ်ခုအဖြစ်သာ ထိန်းသိမ်းထားခဲ့သည်။

"ညီမတော်ရော ဘယ်သူနိုင်မယ်လို့ထင်လဲ။" လန်ထင်းမှ ပြုံးကာမေးလိုက်သည်။

ဝူယောင်မှာ ကျောက်စိမ်းပြားအား ချလိုက်ပြီးနောက် တည်ငြိမ်စွာ စကားဆိုလိုက်သည်။ "ထျန်းယွမ်နယ်မြေက နိုင်လိမ့်မယ်။"

လန်ထင်းမှာ မထင်မှတ်ထားသော အဖြေကြောင့် အံ့အားသင့်သွားရသည်။

ဝူယောင်မှာ ရှင်းပြလိုစိတ် မရှိသောကြောင့် ကျောက်စိမ်းပြားကိုသာ ဆက်လက်ကြည့်ရှုနေမိသည်။ ယခုလက်ရှိ သတင်းအချက်အလက်များအရ ဇူယွမ် အနိုင်ရမည်မှာ သူမအတွက် သေချာပေသည်။

ကန့်ရှမ်းကောင်းကင်ဒေသ၏ ကြီးမြတ်သောဇူအင်ပါယာမှ ဇူယွမ်....

ဝူယောင်မှာ ကျောက်စိမ်းပြားအား အနည်းငယ် ကုပ်ခြစ်လိုက်မိသည်။ ထိုဇူယွမ်မှာ ဟွမ်းယွမ်ကောင်းကင်ဒေသသို့ အမှန်တကယ် ရောက်ရှိလာခဲ့လေပြီ။

ထို့အပြင် နဂါးကောင်းချီးအား ပိုင်ဆိုင်ထားခဲ့ဖူးသူ ဖြစ်သည်နှင့်အညီ တစ်နှစ်အတွင်းမှာပင် ထျန်းယွမ်နယ်မြေ၏ ရှုံးရှီခေါင်းဆောင်နေရာကို ရယူနိုင်ခဲ့သည်။

ဇူယွမ်၏အတိတ်ကို ဝူယောင်မှ ကောင်းစွာသိရှိထားသည်။ ခမည်းတော်ဖြစ်သူ ဝူဘုရင်သည် ဇူယွမ်၏ ကောင်းချီးများအားလုံးကို ရယူကာ ဒုက္ခိတတစ်ယောက်နီးနီး ဖြစ်စေခဲ့သည်။ သို့သော် ဇူယွမ်မှာ မထင်မှတ်ထားရလောက်အောင် ကြိုးစားခဲ့ပြီး ဝူဟောင်ကို ဖျက်စီးခဲ့ရုံသာမက ဝူအင်ပါယာ တစ်ခုလုံးကိုပါ သိမ်းပိုက်ပစ်ခဲ့သည်။ ထိုမျှကြောက်မက်ဖွယ်ကောင်းသော ဇူယွမ်အား ဘာမဟုတ်သည့် ချန်းရွှမ်တုံမှ အနိုင်ရစရာ အကြောင်းမရှိ။

"ဇူယွမ်...နင်နဂါးကောင်းချီးကို ပြန်လာယူတာလား။" ဝူယောင်မှာ နှလုံးသားအတွင်း မေးခွန်းတစ်ခုကိုသာ ထပ်တလဲလဲ ရေရွတ်နေမိသည်။ သူမ၏ မျက်ဝန်းများမှာလည်း တိုက်ပွဲကောင်းတစ်ခုအား တောင့်တနေသကဲ့သို့ စူးရှနေ၏။

"အဲ့လိုဆိုလည်း....."

"နဂါးကောင်းချီးကို နင်နဲ့ငါ ဘယ်သူသိမ်းပိုက်နိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့။"

........

ဇီရှောင်းနယ်မြေ၌

အခန်းတစ်ခုအတွင်း မွေးပျံ့သော ရနံ့တစ်ခု ခပ်သင်းသင်း ရနေသည်။

စုယုဝေမှာ ကုတင်ထက်တွင်ထိုင်လျက် ကျောက်စိမ်းပြားတစ်ခုအား တင်းကြပ်စွာ ဆုပ်ကိုင်ထားလျက် ရှိသည်။ ကျောက်စိမ်းပြားထံမှ ထွက်လာသော အလင်းတန်းမှာ ပုံရိပ်ယောင်တစ်ခုကို ဖန်တီးပေးထားသည်။

ထိုပုံရိပ်မှာ ဇူယွမ်ပင် ဖြစ်သည်။

"မင်းသားလေး...တကယ်ကို မင်းသားလေးပဲ။"

စုယုဝေ၏ မျက်ဝန်းများမှာ ထူးခြားစွာ လင်းလက်တောက်ပနေသည်။ ဇီရှောင်းနယ်မြေမှ တပည့်တစ်ဦးဦးသာ ယခုအခြေအနေကို မြင်တွေ့သွားပါက ရူးပင်ရူးသွားလောက်သည်။

စုယုဝေမှာ ထျန်းယွမ်နယ်မြေ၏ ရှေးရိုးခေါင်းဆောင် အသစ်အကြောင်း သတင်းအချက်အလက်ကို ရရှိလာခဲ့ခြင်းပင်။ တစ်ချက်မျှ မြင်တွေ့ရရုံဖြင့် နှလုံးသားအတွင်း အနက်ရှိုင်းဆုံးနေရာထိ ရင်းနှီးနေသူ၏ ပုံရိပ်ကို သူမကောင်းစွာ မှတ်မိနေပါသည်။

နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်ပါသော်လည်း မြှုပ်နှံထားသော ခံစားချက်များက တစ်ချက်ကလေးမျှပင် မေးမှိန်မသွားခဲ့။ စုယုဝေမှာ လွမ်းဆွတ်သတိရလွန်းသောကြောင့် စိတ်ရှိသလိုသာ ငိုကြွေးပစ်လိုက်ချင်နေမိသည်။

သူမ မြင်တွေ့နေရသော ပုံရိပ်ယောင်အား ငေးမောကြည့်ရှုနေပြီးနောက် မခံစားနိုင်တော့ပဲ မတ်တပ်ထရပ်လိုက်သည်။ "ထျန်း...ထျန်းယွမ်နယ်မြေကို သွားချင်တယ်။"

တံခါးရှေ့ထိ ရောက်သွားပြီးမှ သူမ၏ခြေလှမ်းများ ထပ်မံရပ်တန့်သွားရသည်။

နယ်မြေကိုးခုတွေ့ဆုံပွဲမှာ နီးကပ်နေပြီဖြစ်သောကြောင့် ဇီရှောင်းနယ်မြေမှာ သူမအား ခရီးထွက်ခွာခွင့် မပေးလောက်ပေ။

မည်သို့ပင်ဆိုစေကာမူ စုယုဝေမှာ မင်းသားလေးနှင့် မကြာခင်မှာပင် တွေ့ဆုံနိုင်တော့မည်ဟု တွေးတောမိလိုက်သဖြင့် ဝမ်းနည်းမနေတော့ပဲ အခန်းငယ်အတွင်း ပျော်ရွှင်စွာ လှည့်ပတ်နေမိသည်။

မင်းသားလေးမှာ ဟွမ်းယွမ်ကောင်းကင်ဒေသအတွင်း ရှိနေပြီဖြစ်သောကြောင့် အလောတကြီး သွားတွေ့စရာ မလိုအပ်တော့ပေ။

"ခစ်ခစ်.. "

မိန်းမငယ်လေး၏ ရင်ခုန်ချင်စဖွယ် ရယ်မောသံသည် အခန်းငယ်အတွင်း လွင့်ပျံ့နေလေသည်။ သူမ၏ နှုတ်ခမ်းထောင့်စွန်းလေးများမှာလည်း ကွေးညွတ်နေလျက် လှပသော မြင်ကွင်းတစ်ခုကို ဖော်ဆောင်ပေးနေကြသည်။

"မင်းသားလေး...."

"မင်းသားလေးနဲ့ ပြန်တွေ့ရမှာ အရမ်းပျော်ဖို့ကောင်းမှာပဲ။"

.......

ဟွမ်းယွမ်ကောင်းကင်ဒေသ တခွင်လုံး၏ အာရုံစိုက်နေခြင်းနှင့်အတူ တစ်လတာသော အချိန်ကာလမှာ လျှင်မြန်စွာပင် ကုန်ဆုံးသွားလေတော့သတည်း….။

---

## အပိုင်း ( ၉၁၈ ) : အဆုံးမဲ့အက်ကြောင်း

ထျန်းယွမ်နယ်မြေနှင့် တောင်သုံးလုံးမဟာမိတ်အဖွဲ့တို့၏ ပိုင်နက်ကြားတွင် ကြီးမားလှသော တောင်ကြားအက်ကွဲကြောင်းကြီးတစ်ခု ရှိသည်။ ထိုအက်ကွဲကြောင်းသည် အလွန်နက်ရှိုင်းပြီး ထျန်းယွမ်နယ်မြေနှင့် တောင်သုံးလုံးမဟာမိတ်အဖွဲ့တို့၏ နယ်နိမိတ်အား ပိုင်းခြားထားပေးသည်။

အက်ကွဲကြောင်း၏ အတိုင်းအတာမှာ အောက်ခြေကို မမြင်ရလောက်အောင် နက်လွန်းလှသဖြင့် အဆုံးမဲ့အက်ကြောင်းဟု ခေါ်ဆိုကြသည်။

ရှေးယခင်ကာလများ၌ ထိုနေရာတွင် သူတော်စင်များ တိုက်ခိုက်ခဲ့ကြပြီး အဆုံးမဲ့အက်ကြောင်း ဖြစ်ပေါ်လာခဲ့သည်ဟု ပြောစမှတ်ပြုကြသည်။ အဆုံးမဲ့အက်ကြောင်းသည် သူတော်စင်တစ်ဦး၏ စွမ်းအင်အတိုင်းအတာကို

သက်သေထူပေးနေသကဲ့သို့ပင်။ သူတော်စင်တစ်ဦးထံမှ ထုတ်လွှတ်လိုက်သော သေးငယ်သည့် စွမ်းအင်အမျှင်တန်းတစ်ခုသည်ပင် ဤကမ္ဘာမြေအား လှုပ်ခတ်စေနိုင်ပေသည်။

ထျန်းယွမ်နယ်မြေနှင့် တောင်သုံးလုံးမဟာမိတ်အဖွဲ့ကြားတွင် ရှိနေသော အဆုံးမဲ့အက်ကြောင်းသည် ပုံမှန်အားဖြင့် ခြောက်ကပ်တိတ်ဆိတ်နေတက်ပါသော်လည်း လွန်ခဲ့သောလမှစ၍ အဖွဲ့အစည်းများစွာမှ လာရောက်စခန်းချမှုများကြောင့် အတော်ပင် စည်ကားနေလေပြီ။ အဆုံးမဲ့အက်ကြောင်း အနီးရှိ တောင်တန်းများတွင် မျက်စိနောက်လောက်အောင် ရှုပ်ထွေးနေသော ပုံရိပ်များစွာကို မြင်တွေ့နိုင်သည်။

ထိုသည်ကို ကြည့်ခြင်းအားဖြင့်ပင် ဇူယွမ်နှင့် ချန်းရှမ်တုံတို့၏ တိုက်ပွဲအား မည်မျှစိတ်ဝင်စားနေကြကြောင်း သိရှိနိုင်၏။

နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူနှစ်ဦးကြားမှ စိန်ခေါ်ပွဲ ဖြစ်ပါသော်လည်း စင်စစ်တွင်မူ ပထမအဆင့် အဖွဲ့အစည်းနှင့် နယ်မြေကြီးကိုးခုတွင် တစ်ခုအပါအဝင်ဖြစ်သော ထျန်းယွမ်နယ်မြေတို့၏ တိုက်ပွဲဖြစ်နေသောကြောင့် မည်မျှအရေးကြီးကြောင်း လူတိုင်းမှ သိရှိနေကြသည်။

အဆုံးမဲ့အက်ကြောင်း တဖက်တချပ်စီတွင် အင်အားကြီးလှသော အုပ်စုနှစ်ခု နေရာယူထားကြသည်။

၎င်းတို့မှာ ထျန်းယွမ်နယ်မြေနှင့် တောင်သုံးလုံးမဟာမိတ်အဖွဲ့တို့ပင် ဖြစ်သည်။

အဆုံးမဲ့အက်ကြောင်းတွင် တိုက်ပွဲကို ကျင်းပမည်ဖြစ်သောကြောင့် နှစ်ဖက်လုံးမှ ကင်းထောက်များကိုလွှတ်ကာ တစ်ဖက်နှင့်တစ်ဖက် စောင့်ကြည့်ရန် စေခိုင်းထားခဲ့ကြသည်။ နှစ်ဖက်လုံးမှာ လာရောက်ကြည့်ရှုကြသော အဖွဲ့အစည်းများအား ကာကွယ်ပေးသည့် တာဝန်ကိုလည်း ယူထားကြရသည်။

အက်ကြောင်းကြီး ခြားနားနေပါသော်လည်း အဆင့်မြင့်ကျင့်ကြံသူများမှာ တစ်ဖက်နှင့်တစ်ဖက် မြင်တွေ့နိုင်ကြသည်။ ထို့ကြောင့် ၎င်းတို့မှာ သတ်ဖြတ်လိုသော မျက်ဝန်းများဖြင့် အေးစက်စွာ စူးစိုက်ကြည့်ရှုနေကြလေသည်။ အဆုံးမဲ့အက်ကြောင်းသာ ခြားမနေပါက စိတ်ရှိလက်ရှိ တိုက်ခိုက်နေကြလောက်ပြီပင်။

ထျန်းယွမ်နယ်မြေ၏လူများမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် နယ်မြေကြီးအား လာစိန်ခေါ်ရဲသည်အထိ ရူးနှမ်းနေသည်ဟု မြင်ကြသည်။

တစ်ဖက်တွင်မူ တောင်သုံးလုံးမဟာမိတ်အဖွဲ့အနေဖြင့် အင်အားဆုတ်ယုတ်လာသော ထျန်းယွမ်နယ်မြေအား ယခင်ကကဲ့သို့ ကြောက်ရွံ့ရိုသေနေရန် မဖြစ်နိုင်တော့ပေ။ အချိန်ကြာလာသည်နှင့်အမျှ တောင်သုံးလုံးမဟာမိတ်အဖွဲ့မှာ တစ်ရက်တခြား ပိုမိုတိုးတက်လာခဲ့သည်။ ထို့အပြင် ထျန်းယွမ်နယ်မြေ၏ နယ်မြေအရှင်သခင်ဖြစ်သူ ကန်းယွမ်မှာလည်း ပျောက်ဆုံးနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့လေပြီ။ ထို့ကြောင့် သူတော်စင် တစ်ဦးပင်မရှိသော ထျန်းယွမ်နယ်မြေအား တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ အထူးတလှယ်အလေးစိုက်နေစရာ မလိုအပ်တော့။

နယ်မြေကြီးတစ်ခုအဖြစ် သတ်မှတ်ခံရရန် ဟွမ်းယွမ်ကောင်းကင်ဒေသမှ အဖွဲ့အစည်းများအားလုံး အလိုရှိကြပေသည်။ ထိပ်တန်းအဆင့် အဖွဲ့အစည်းများသည်ပင် ဂုဏ်ပုဒ်အဆင့်အတန်းအရာ၌ နယ်မြေကြီးကိုးခု၏ နောက်တွင်သာ ရှိသည်။

ယနေ့သည် စိန်ခေါ်ပွဲ ကျင်းပမည့်နေ့ပင် ဖြစ်လေသည်။

ကောင်းကင်ထက်တွင် သူရိယနေမင်း နေရာယူလာသည်နှင့်အတူ တောင်သုံးလုံးမဟာမိတ်အဖွဲ့ဘက်မှ ပုံရိပ်သုံးခု ထွက်ပေါ်လာသည်။

ပုံရိပ်သုံးခုသည် ချီစွမ်းအင် အနည်းငယ်မျှ ထုတ်ဖော်ထားခြင်း မရှိပါသော်လည်း လူတိုင်းမှာ လေးစားကြောက်ရွံ့နေသော မျက်ဝန်းများဖြင့် ကြည့်ရှုလိုက်ကြသည်။

၎င်းတို့သည် ပတ်ဝန်းကျင်ရှိ ချီစွမ်းအင်များကို ထိန်းချုပ်ထားနိုင်မည်ဟုပင် ထင်မှတ်ရသည်။ ထိုသုံးဦးမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ လောကကိုကြီးစိုးခြင်း အဆင့်ရှိသူများ ဖြစ်ကြသည်။ ထျန်းယွမ်နယ်မြေဘက်မှ လူများသည်ပင် ၎င်းတို့အား ကြောက်ရွံ့ကြဟန် ရှိသည်။

ထိုသည်မှာ လောကကိုကြီးစိုးခြင်း အဆင့်ရှိသူများ၏ လွှမ်းမိုးနိုင်စွမ်းပင်။

၎င်းတို့မှာ အဖိုးအိုနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဖြစ်သည်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့အား မူလတောင်တန်း၊ လမင်းနန်းတော်တောင်တန်းနှင့် ဆန်းကြယ်သောလိပ်တောင်တန်းတို့ဖြင့်

ဖွဲ့စည်းထားသည်။ တောင်တန်းတစ်ခုစီ၏ ခေါင်းဆောင်များ ပေါင်းစည်းကာ တောင်သုံးလုံးမဟာမိတ်အဖွဲ့ ဖြစ်ပေါ်လာခဲ့သည်။

မူလတောင်တန်း၏ ခေါင်းဆောင်မှာ ဆံပင်ဖြူဖြူ မုတ်ဆိတ်ဖြူဖြူနှင့် ထာဝရရှင်သန်သူ တစ်ယောက်အလား ထင်မှတ်ရသည်။

လမင်းနန်းတော်တောင်တန်း၏ သခင်မမှာ ကျက်သရေရှိလွန်းလှသည့် အမျိုးသမီးတစ်ဦး ဖြစ်သည်။

ဆန်းကြယ်သောလိပ်တောင်တန်း၏ အကြီးအကဲမှာမူ ကျောကုန်းတွင် ဘုကြီးတစ်ခု ရှိနေသည်။

၎င်းတို့သုံးဦးလုံးမှာ ဟွမ်းယွမ်ကောင်းကင်ဒေသတခွင် ဖိန့်ဖိန့်တုန်အောင် ကျော်ကြားကြသူများပင်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ အကြီးအကဲများ ရောက်ရှိလာပြီးနောက် အနက်ရောင်ဝတ်စုံကို ဆင်မြန်းထားကာ မဟူရာလှံတစ်ချောင်း ဆွဲကိုင်ထားသော ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။ သူသည် အရပ်အတော်ရှည်ကာ ပိန်ပိန်ပါးပါးဖြင့် လူငယ်တစ်ဦး ဖြစ်သည်။

၎င်းထွက်ပေါ်လာသည်နှင့် ပတ်ဝန်းကျင်တခွင် ဆူညံသံများ ပြည့်နှက်သွားရသည်။

သူသည် တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ ချန်းရှမ်တုံပင်။

"နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်းမှာ အဆင့်ကိုးရထားလို့လား မသိဘူး။ ကြည့်ရတာတောင် ထည်ဝါနေတာပဲ။" လူတိုင်းမှာ ချန်းရှမ်တုံအား မှတ်ချက်ပြုနေကြသည်။

ထိုအချိန်မှာပင် ထျန်းယွမ်နယ်မြေဘက်မှ ပုံရိပ်ငါးခု ထွက်ပေါ်လာသည်။

၎င်းတို့ထွက်ပေါ်လာသည်နှင့် အစောပိုင်းက တောင်သုံးလုံးမဟာမိတ်အဖွဲ့ အကြီးအကဲများထံမှ ရရှိနေသော စွမ်းအင်ဖိအားများ လျော့နည်းသွားသည်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ အကြီးအကဲများမှာ ပုံရိပ်ငါးခုအား မျက်တောင်မခတ်ပဲ ကြည့်ရှုနေကြ၏။

မူလတောင်တန်း၏ ခေါင်းဆောင်မှ ပြုံးကာပြောလိုက်သည်။
"ထျန်းယွမ်နယ်မြေက သေနာပတိ ငါးယောက်လုံး လာလိမ့်မယ်လို့ မထင်ထားဘူး။ ကျွန်တော်တို့ တောင်သုံးလုံးမဟာမိတ်အဖွဲ့အပေါ် တကယ်မျက်နှာသာပေးနေတာပဲ။"

ထျန်းယွမ်နယ်မြေ၏ သေနာပတိများမှ အေးစက်စွာ စကားဆိုလိုက်သည်။
"တောင်သုံးလုံးမဟာမိတ်အဖွဲ့က ပြဿနာတွေကို လက်ယက်ခေါ်နေတာပဲ မဟုတ်ဘူးလား။"

မူလတောင်တန်း၏ ခေါင်းဆောင်မှာ ခပ်ဖွဖွ ရယ်မောလိုက်သည်။ "ဒါလေးက လူငယ်တွေကြားက စိန်ခေါ်ပွဲလေး တစ်ခုပါပဲ။ နယ်မြေအရှင်သခင် ကန်းယွမ် ရှိနေရင်တောင် လက်ခံမယ်ဆိုတာ သေချာပါတယ်။"

"ကျွန်တော်တို့အားလုံးက နယ်မြေအရှင်သခင် ကန်းယွမ်အပေါ် လေးစားမှု ရှိပြီးသားပါ။ သေနာပတိတွေသာ နယ်မြေအရှင်သခင် ကန်းယွမ်ကို ဖိတ်ခေါ်ပေးမယ်ဆိုရင် တောင်သုံးလုံးမဟာမိတ်အဖွဲ့က ထျန်းယွမ်နယ်မြေအပေါ် အပြစ်ပြုမိသမျှ ပြန်တောင်းပန်ပေးမှာပါ။"

ချီကျင့်သခင်မမှာ မျက်မှောင်ကျုံ့လိုက်မိသည်။ လူတိုင်းသည် ဆရာသခင်နှင့် ပက်သတ်သော သတင်းအချက်အလက်များကို သိရှိလိုကြဟန် ရှိသည်။

တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ နောက်ကွယ်တွင် တစ်စုံတစ်ယောက် ရှိနေနိုင်ပေသည်။ ဗူယွမ် ပြောပြချက်အရ ဟွမ်းယွမ်ကောင်းကင်ဒေသမှ အင်အားကြီးသူတစ်ယောက်၏ ပြစ်မှတ်ထားခြင်းကို ခံနေရသောကြောင့် ဆရာသခင် ပြန်မလာနိုင်ခြင်းဖြစ်သည်ဟု သိရှိခဲ့ရသည်။

ဟွမ်းယွမ်ကောင်းကင်ဒေသတွင် ဆရာသခင်အား ခြိမ်းခြောက်နိုင်သူမှာ လက်တစ်ဆုပ်စာပင် မပြည့်ချေ။ တောင်သုံးလုံးမဟာမိတ်အဖွဲ့သည် နောက်ကွယ်တွင် ထောက်ပံ့ပေးသူ တစ်ဦးဦး ရှိနေသောကြောင့်သာ ထျန်းယွမ်နယ်မြေအား စိန်ခေါ်ရဲခြင်း ဖြစ်ပေမည်။

ချီကျင့်သခင်မမှာ အတွေးစများကို ဖြတ်တောက်လိုက်ပြီးနောက် တည်ငြိမ်စွာ ပြောလိုက်သည်။ "မပူပါနဲ့။ တစ်ချိန်ကြရင် ဆရာသခင်က ပြန်လာမှာပါ။"

မူလတောင်တန်း၏ ခေါင်းဆောင်မှာ ခေါင်းကိုခါယမ်းလိုက်သည်။ "အဲ့ဒါဆိုရင်တော့ တောင်သုံးလုံးမဟာမိတ်အဖွဲ့က အခုတခေါက် အခွင့်အရေးကို အသုံးချရတော့မှာပေ့ါ။"

ချန်းရွှမ်တုံမှာ မူလတောင်တန်း၏ ခေါင်းဆောင်အားကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

စောင့်ကြည့်နေသော အကြည့်များစွာ၏အောက်၌ပင် ချန်းရွှမ်တုံမှာ တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ အကြီးအကဲများကို အရိုအသေပေးလိုက်ပြီးနောက် ကောင်းကင်ထက်သို့ ပျံဝဲသွားကာ ထျန်းယွမ်နယ်မြေဘက်သို့ ကြည့်ရှုလိုက်သည်။
"တောင်သုံးလုံးမဟာမိတ်အဖွဲ့က ချန်းရွှမ်တုံက စိန်ခေါ်ဖို့ အသင့်ဖြစ်နေပြီ။ ဇူယွမ်က ဘယ်မှာလဲ။"

သူ၏စကားသံမှာ မောက်မာလွန်းလှသည်။

ထိုအချိန်မှာပင် ပုံရိပ်တစ်ခု ရှေ့သို့ထွက်လာသည်။

ထိုသည်မှာ ဇူယွမ်ပင် ဖြစ်သည်။

ဇူယွမ်၏ နတ်ဘုံခန်းဝါ နိဗ္ဗာန်မှာ ရှစ်ခုမြောက် မပွင့်လာသေးသည်ကို သိရှိလိုက်ရသောကြောင့် ထျန်းယွမ်နယ်မြေမှ လူများမှာ တုန်လှုပ်သွားကြရသည်။

ဇူယွမ်မှာ ချန်းရွှမ်တုံအားကြည့်လျက် တည်ငြိမ်စွာ ပြောလိုက်သည်။

"ထျန်းယွမ်နယ်မြေက ဇူယွမ်ဆိုတာငါပဲ။"

---

အပိုင်း ( ၉၀၉ ) : ယုံကြည်ချက်

ဇူယွမ်၏စကားသံကြောင့် ပတ်ဝန်းကျင် တခွင်လုံးမှာ သူ့အားကြည့်ရှုလိုက်ကြသည်။

"သူက ထျန်းယွမ်နယ်မြေရဲ့ ရှိုးရီခေါင်းဆောင် ဇူယွမ်လား။"

"အခုကြည့်ရတာတော့ သူ့ရဲ့နတ်ဘုံခန်းဝါ နိဗ္ဗာန်က ခုနစ်ခုပဲ ချိတ်ဆက်ရသေးတယ်။"

"အဲ့ဒါဆို လုရှောင်းနဲ့ တိုက်ပွဲပြီးထဲက ဘာမှထူးထူးခြားခြား မတိုးတက်ဘူးဆိုတဲ့ သဘောပေါ့။"

"ဟားဟား....ထျန်းယွမ်နယ်မြေကတော့ အရှက်ကွဲတော့မယ်ဟေ့.."

"......"

ရောက်ရှိနေကြသူများမှာ ကလန်အသီးသီး၊ အဖွဲ့အစည်း အသီးသီးမှ ထူးချွန်ထက်မြက်သူများ ဖြစ်သောကြောင့် တစ်ချက်ကြည့်ရုံမျှဖြင့် ဇူယွမ်၏ ကျင့်ကြံရေး အခြေအနေကို မှန်းဆနိုင်ကြသည်။

ထိုသို့ခန့်မှန်းပြီးနောက်တွင် ၎င်းတို့မှာ ထျန်းယွမ်နယ်မြေအား လှောင်ပြောင်ကြတော့သည်။ ချန်းရွှမ်တုံသည် လုရှောင်းထက် အဆပေါင်းများစွာ ထူးချွန်သူ ဖြစ်သည်။ လုရှောင်းအား အနိုင်ရရုံမျှဖြင့် ချန်းရွှမ်တုံနှင့် တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ပေ။

လွန်ခဲ့သော နှစ်လခန့်က ဇူယွမ်မှာ လုရှောင်းအား အနိုင်ရရန်ပင် ရေကုန်ရေခမ်း ကြိုးစားခဲ့ရသည်။ ချန်းရွှမ်တုံနှင့်သာ တိုက်ခိုက်ပါက ဆိုးရွားစွာ ရှုံးနိမ့်လိမ့်မည်မှာ သေချာပေသည်။

ဇူယွမ်မှာ ဝေဖန်စကားသံများကို လျစ်လျူရှုကာ ထျန်းယွမ်နယ်မြေ၏ သေနာပတိ ငါးဦးအား အရိုအသေပြု နှုတ်ဆက်လိုက်သည်။ ထို့နောက် ဖြည်းညင်းစွာဖြင့် ရှေ့သို့လျှောက်လှမ်းလာသည်။

ချီကျင့်သခင်မမှာ ဇူယွမ်၏ကျောပြင်အား တစ်ချက်မျှ ကြည့်ရှုလိုက်ပြီးနောက် ရှေးဟောင်းစာလုံးများ စီးမျောနေသော ကြေးမုံပြင်တစ်ချပ်ကို ဖန်တီးလိုက်သည်။ ကြေးမုံပြင်ထက်တွင် ဇူယွမ်နှင့် ချန်းရွှမ်တုံတို့အား မြင်တွေ့နေရလေသည်။

ထိုကြေးမုံပြင်ထံမှ အလင်းမျှင်များ ဖြစ်ပေါ်လာကာ ထျန်းယွမ်နယ်မြေအနှံ့သို့ ပျံ့နှံ့သွားပြီး ကြေးမုံပြင်များစွာ ပေါ်ပေါက်လာသည်။

ထျန်းယွမ်နယ်မြေ တစ်ခုလုံးမှာ ယခုတိုက်ပွဲအား ကြည့်ရှုနိုင်မည်ပင်။

နန်းဆောင်လေးခုမှ အဖွဲ့ဝင်များအားလုံးမှာ မူလလိပ်ပြာမျှော်စင်ရှေ့တွင် စုဝေးလျက် ထျန်းယွမ်ရှန်းဟွ ကောင်းကင်ထက်ရှိ ကြေးမုံပြင်အား ကြည့်ရှုနေကြသည်။

ကျိုယာမှ မျက်မှောင်ကျုံ့ကာ ပြောလိုက်သည်။ "ဘာလဲဟ...ဇူယွမ်က အခုချိန်ထိ ရှစ်ခုမြောက် နိဗ္ဗာန်ကို မဖွင့်နိုင်သေးဘူးလား။ အဲ့လိုဆိုရင် ဘယ်လိုလုပ်ပြီး ချန်းရွှမ်တုံကို ယှဉ်နိုင်မှာလဲ။"

"နင့်ဒပါးစပ်ကိုပိတ်ထားတာ အကောင်းဆုံးပဲ။" ရိချိုးရွှယ်မှ အေးစက်စွာ တုံ့ပြန်လိုက်သည်။

ကျိုယာမှာ အလွန်ဒေါသထွက်သွားရသည်။ "ငါပြောတာမှားလို့လား။ နောက်ဆုံးနိဗ္ဗာန်နှစ်ခုက ပွင့်ဖို့ခက်တယ် ဆိုပေမယ့် သူသာတကယ်ကြိုးစားရင် ရမှာပဲလေ။ ဒီနှစ်လလုံးလုံး သူကမူလလိပ်ပြာလေးခုမျှော်စင်မှာပဲ အချိန်ကုန်နေတာကိုး။ ဘာကျင့်ကြံရေးမှလည်း သေချာမလုပ်ဘူးလေ။"

"လိပ်ပြာစာလုံး နှစ်ခုထပ်ရခဲ့ရင်တောင် ချီကြယ်ပွင့်က ခုနစ်သန်းလောက်ပဲ တိုးသွားမှာ။ ချန်းရွှမ်တုံမှာ ချီကြယ်ပွင့် သန်းသုံးဆယ်ရှိတယ်။ အဲ့ဒါကို သူဘယ်လိုယှဉ်နိုင်မှာလဲ။"

"ဒီပွဲက ဇူယွမ်တစ်ယောက်တည်းနဲ့တင် မဟုတ်ဘူး။ ထျန်းယွမ်နယ်မြေ တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာနဲ့ပါ ဆိုင်နေတာ။ တကယ်လို့ သူသာရှုံးသွားခဲ့ရင် ရှေ့လျှောက်ငါတို့ဘယ်လို မျက်နှာပြရတော့မှာလဲ။"

အနီးတွင်ရှိနေသော မီးနန်းဆောင် အဖွဲ့ဝင်များမှာ ထိုစကားအား ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။

ရှိချိုးရွှယ်မှ တည်ငြိမ်စွာ စကားဆိုလိုက်သည်။ "ဇူယွမ်က မဆင်မခြင် လုပ်တက်တဲ့သူ မဟုတ်ဘူး။ အဲ့ဒါလေးကိုတောင် မသိရင် နင်ကဦးနှောက်မရှိလို့ပဲ။ လူတွေကို စိတ်ပူအောင် လျှောက်ပြောမနေနဲ့။ အဲ့လိုပေါက်ကရတွေ ပြောနေမယ့်အစား ငါ့ကိုအကြွေးဆပ်လိုက်ရင် နင်လည်းဝဋ်ကြွေးကြေတာပေ့ါ။"

ကျိုယာမှာ ရှိချိုးရွှယ်အပေါ် အလောင်းအစားကြောင့် ပေးဆပ်ရမည့် မူလအကြွေစေ့ တစ်သောင်းအား တဝက်မျှသာ ဆပ်ရသေးသည်။

ကျိုယာဒေါသထွက်သွားပါသော်လည်း အရှိုက်ထိသွားသောကြောင့် ဆက်မပြောနိုင်တော့ပေ။ "ကောင်းပြီလေ...စောင့်ကြည့်ရသေးတာပေါ့။"

မိန်းမငယ်နှစ်ဦး၏ စကားစစ်ထိုးပွဲမှာ ငြိမ်သက်သွားလေသည်။ ကွင်းပြင်တစ်ခုအတွင်း နန်းဆောင်လေးခုလုံးမှ အဖွဲ့ဝင်များ စုဝေးနေပါသော်လည်း ဆူညံပျော်ရွှင်နေခြင်းမရှိ။

ရိချိုးရွှယ်မှာ ကြေးမုံပြင်ကို ကြည့်နေရင်း လက်နှစ်ဖက်အား တင်းတင်းဆုပ်ထားမိသည်။ သီးသန့်ကျင့်ကြံခြင်းမှ ဇူယွမ်ထွက်ခွာလာသည်နှင့် ချီကျင့်သခင်မမှ လာရောက်ခေါ်ဆောင်သွားသောကြောင့် ကျင့်ကြံရေး အခြေအနေ မည်မျှတိုးတက်လာသည်ကို သူမ မသိခဲ့ရပေ။ ယခုအခြေအနေအရ ဇူယွမ်မှာ ချန်းရွှမ်တုံထက် အင်အားနည်းနေပုံ ရသည်။

"အကောင်းဆုံး ကြိုးစားခဲ့မယ်မလား...ဇူယွမ်။" ရိချိုးရွှယ် ငေးမောနေသောအကြည့်များဖြင့် တိုးညင်းစွာ ရေရွတ်လိုက်မိသည်။

ထျန်းယွမ်နယ်မြေ တစ်ခုလုံးမှာလည်း ကြေးမုံပြင်များမှတဆင့် တိုက်ပွဲအား စောင့်ကြည့်နေကြသည်။ ဇူယွမ်သာ ရှုံးနိမ့်ခဲ့ပါက ရှုံးရှီခေါင်းဆောင် နေရာကိုပါ လက်လွှတ်ရပေလိမ့်မည်။ လုရှောင်းမှာ ဇူယွမ်ထက်ပို၍ ဆိုးရွားသူဖြစ်ပါသော်လည်း ရွေးချယ်စရာ မရှိပေ။ ဇူယွမ်မှာ ထျန်းယွမ်နယ်မြေ၏ ဂုဏ်သိက္ခာအပေါ် လောင်းကြေးထပ်ထားရသော တိုက်ပွဲဖြစ်သောကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုလည်း တာဝန်ယူ ခံစားရလိမ့်မည် ဖြစ်သည်။

သို့သော် ဇူယွမ် အနိုင်ရသွားပါကလည်း ထျန်းယွမ်နယ်မြေ၏ ဂုဏ်သိက္ခာနှင့်အတူ သူ၏ဂုဏ်သိက္ခာပါ အလွန်မြင့်တက်သွားမည်ပင်။ ထိုသို့ဖြစ်လာပါက သခင်ကြီး ရွှမ်ခွန်းသည်ပင် ဇူယွမ်အား ဒုက္ခပေးနိုင်မည် မဟုတ်တော့ပေ။

ယခုတိုက်ပွဲသည် ထျန်းယွမ်နယ်မြေအတွက်ရော၊ ဇူယွမ်အတွက်ပါ အလွန်အမင်း လောင်းကြေးကြီးလှသည်။

.........

"သခင်မလေးက ဇူယွမ့်အပေါ် တကယ်ကြီး ယုံကြည်ချက် ရှိတာလား။ မျက်ဝန်းတစ်ထောင်ကြေးမုံကိုတောင် လုပ်လိုက်တယ်ပေါ့။ ထင်ထားသလို မဖြစ်လာရင် ဘယ်လောက်အလျှော်ခံရမလဲရော တွေးမိရဲ့လား။" သခင်ကြီးရွှမ်ခွန်းမှာ ကောင်းကင်ထက်တွင် ရှိနေသော ကြေးမုံပြင်အားကြည့်ကာ ပြောလိုက်သည်။

ထို့နောက် ချီကျင့်သခင်မအားကြည့်ကာ စကားဆက်လိုက်သည်။ "ဇူယွမ်သာ ရှုံးသွားရင် ဖြစ်လာမယ့် အကျိုးဆက်တွေကို သခင်မလေး တာဝန်ယူရမှာနော်။"

"ဇူယွမ် နိုင်သွားရင်ရော..." ချီကျင့်သခင်မမှ တည်ငြိမ်စွာ ပြောလိုက်သည်။

သခင်ကြီး ရွှမ်ခွန်းမှာ ခေတ္တမျှ တိတ်ဆိတ်သွားရသည်။ "သူသာနိုင်သွားရင် မီးနန်းဆောင်မှာရှိတဲ့ ကျင်းရှန်းကောင်းကင်ဂိုဏ်းက တပည့်အားလုံး သူ့အမိန့်ကို တသွေမသိမ်း နာခံစေရမယ်။"

ယခုတိုက်ပွဲကိုသာ ဇူယွမ်နိုင်သွားပါက သခင်ကြီး ရွှမ်ခွန်းအနေဖြင့် ဇူယွမ်အား ကျေနပ်စွာ အလျှော့ပေးလိုက်ရန် တွေးထားပြီးသား ဖြစ်သည်။

"အဲ့ဒါဆို ကျွန်မတို့ စောင့်ကြည့်ကြတာပေါ့။" ချီကျင့်သခင်မမှာ စကားစအား ဖြတ်တောက်လိုက်ပြီးနောက် ဇူယွမ့်ကိုသာ အာရုံစိုက်နေလိုက်သည်။

မည်သို့ပင်ဆိုစေကာမူ ဆရာသခင်ကိုယ်တိုင် ရွေးချယ်ထားသော မောင်တော်ဖြစ်သူအား သူမ ယုံကြည်ပေသည်။

........

ဇူယွမ်၏ တုန်လှုပ်ခြင်းမရှိ တည်ငြိမ်လှသော သွင်ပြင်ကြောင့် စောင့်ကြည့်နေသူများမှာ ခေါင်းညိတ်လိုက်မိကြသည်။

ထျန်းယွမ်နယ်မြေ၏ ရှိုးရှီခေါင်းဆောင်သည် တိုက်ပွဲစွမ်းရည် လျော့နည်းနေစေကာမူ သတ္တိကြောင်မည့်သူမျိုး မဟုတ်လောက်ပေ။

စောင့်ကြည့်နေသော အကြည့်များစွာ၏အောက်၌ပင် တောင်သုံးလုံးမဟာမိတ်အဖွဲ့မှ ချန်းရှွမ်တုံမှာ ဇူယွမ်ရှေ့သို့ ရောက်ရှိလာသည်။

အဆုံးမဲ့အက်ကြောင်း၏ ကောင်းကင်ထက်တွင် နှစ်ဦးသား မျက်နှာချင်းဆိုင် ရှိနေကြလေပြီ။

ချန်းရှွမ်တုံမှာ လုံတံအား ဆွဲကိုင်ထားရင်းဖြင့် ဇူယွမ်အားကြည့်ကာ ပြောလိုက်သည်။ "တကယ်တော့ ဒီနေ့ ပွဲကြီးပွဲကောင်း နွှဲရပြီထင်နေတာ။ အခုတော့ ရှုံးရှိခေါင်းဆောင် ဇူယွမ်ကိုကြည့်ပြီး ကျုပ်တကယ်စိတ်ပျက်မိတယ်။"

ဇူယွမ်မှာ တည်ငြိမ်စွာဖြင့် စကားဆိုလိုက်သည်။ "စိတ်ပျက်စေခဲ့လို့ စိတ်မကောင်းပါဘူး။"

ချန်းရှွမ်တုံမှာ ခေါင်းအားခါယမ်းလိုက်သည်။ "ဘာလဲ...မင်းကငါနဲ့ကစားနေတာလား။"

ဇူယွမ်မှာ ခပ်ဖွဖွသာ ရယ်မောလိုက်၏။

ချန်းရှွမ်တုံမှာ မည်သည့်စကားမှ မဆိုတော့ပဲ ကွမ်းဟွမ်ရောင်လျှံဝန်း သုံးခုကို ထုတ်ဖော်ကာ ချီကြယ်ပွင့် သန်းသုံးဆယ်အား ထွက်ပေါ်စေလိုက်သည်။

စောင့်ကြည့်နေသူများထံမှ အာမေဋိတ်သံများ အသီးသီး ထွက်ပေါ်လာကြသည်။

ချန်းရွှမ်တုံမှာ အေးစက်နေသော မျက်ဝန်းများဖြင့် ဇူယွမ်အား ကစားစရာ တစ်ခုကဲ့သို့ ကြည့်ရှုလိုက်သည်။

"အဟက်....မင်းရဲ့အဆင့်လောက်နဲ့ ငါ့ကိုဘယ်လိုကစားမှာလဲ။"

---

အပိုင်း ( ၉၁၀ ) : ချန်းရွှမ်တုံနှင့်တိုက်ခိုက်ခြင်း

သန်းသုံးဆယ်မျှသော ချီကြယ်ပွင့်များမှာ ကောင်းကင်ထက်တွင် လင်းလက်စွာ တောက်ပနေလျက် ပြင်းထန်သော စွမ်းအင်ဖိအားကို ထုတ်လွှတ်ပေးနေသည်။ စောင့်ကြည့်နေကြသူများမှာ နတ်ဘုံခန်းဝါအဆင့် ကျင့်ကြံသူများစာရင်း၏ အဆင့်ကိုးနေရာနှင့် ထိုက်တန်လွန်းလှသော ချန်းရွှမ်တုံကြောင့် အံ့အားတကြီး သဘောကျနေကြတော့သည်။

တိုက်ပွဲတစ်ပွဲအား အဆုံးအဖြတ်ပေးနိုင်မည့် အရာထဲတွင်
ချီစွမ်းအင်အခြေခံအုတ်မြစ်မှာလည်း တစ်ခုအပါအဝင် ဖြစ်သည်။
ချန်းရှွမ်တုံ၏ ချီကြယ်ပွင့် သန်းသုံးဆယ်ကိုကြည့်ကာ ဇူယွမ်
ထိတ်လန့်သွားလိမ့်မည်ဟု အားလုံးမှ ခန့်မှန်းလိုက်ကြသည်။

လွန်ခဲ့သော နှစ်လခန့်က လုရှောင်းနှင့် တိုက်ခိုက်စဉ်တွင် ဇူယွမ်မှာ
ချီကြယ်ပွင့် နှစ်ဆယ့်တစ်သန်းသာ ရှိခဲ့သည်။

ချန်းရှွမ်တုံနှင့် ဇူယွမ်တို့၏ ချီစွမ်းအင်အခြေခံအုတ်မြစ် ကွာခြားချက်မှာ
ကိုးသန်းကျော်မျှပင် ရှိသည်။

ထို့ကြောင့် ချန်းရှွမ်တုံမှာ ချီစွမ်းအင်အခြေခံအုတ်မြစ် ကွာခြားချက်ဖြင့်ပင်
ဇူယွမ်အား အလွယ်တကူ အနိုင်ယူနိုင်ပေသည်။

 ကြေးမုံပြင်အား ကြည့်နေသော ထျန်းယွမ်နယ်မြေမှလူများ၏ အမူအရာမှာ
ပြောင်းလဲသွားရသည်။

ချန်းရှွမ်တုံမှာ ဂုဏ်ယူဝံ့ကြွားစွာဖြင့် အနက်ရောင်ချီစွမ်းအင်များကို
ထုတ်ဖော်ပြသနေသည်။ ထိုအနက်ရောင် ချီစွမ်းအင်သည် အဆင့်ခုနစ်ရှိပြီး

ပျက်စီးခြင်းမဟူရာလခြမ်းဟု အမည်ရသည်။ တောင်သုံးလုံးမဟာမိတ်အဖွဲ့၏ ထိပ်သီးအဆင့် ချီကျင့်စဉ်ဖြစ်ပြီး အဖျက်စွမ်းအင် အလွန်ကြီးမားသည်။

ချန်းရှမ်တုံမှာ ယုံကြည်ချက်ရှိစွာဖြင့် ဇူယွမ်အားကြည့်ကာ ပြုံးလိုက်သည်။

"ရှီးရှီခေါင်းဆောင် ဇူယွမ်...အခုကတည်းက နယ်မြေကိုးခုတွေ့ဆုံပွဲမှာ ပါဝင်နိုင်မယ့် အခွင့်အရေးကို ကျုပ်ဆီလွှဲပေးလိုက်တာ ပိုကောင်းမယ်။ ဘာပဲဖြစ်ဖြစ် နယ်မြေကိုးခုတွေ့ဆုံပွဲမှာလည်း မင်းရဲ့အရည်အချင်းက ဘောင်ဝင်မှာမှ မဟုတ်တာ။ အဲ့အချိန်ကြရင် ထျန်းယွမ်နယ်မြေက အခုထက်ပိုပြီး အရှက်ကွဲနေရလိမ့်မယ်။ အဟက်..."

ဇူယွမ်မှာ အနည်းငယ်မျှပင် ဒေါသမထွက်သည့်အလား တည်ငြိမ်နေလေသည်။

ချန်းရှမ်တုံသည် သူ၏စိတ်အခြေအနေအား ယိုင်နဲ့သွားအောင် စကားလုံးများဖြင့် ထိုးနှက်နေခြင်းဖြစ်ကြောင်း ဇူယွမ်မှ ကောင်းစွာသိရှိနေသည်။

ဇူယွမ်မှ တည်ငြိမ်စွာ စကားဆိုလိုက်သည်။ "ချီကြယ်ပွင့် သန်းသုံးဆယ်က အထင်ကြီးလောက်စရာ ဆိုပေမယ့် ဒီနေ့တော့ မင်းငါ့ကိုနိုင်မှာ မဟုတ်ဘူး။"

ထို့နောက် ရှေ့သို့ထွက်လာကာ စကြာဝဠာရောင်လျှံဝန်း သုံးခုကို ထွက်ပေါ်စေလိုက်သည်။

နှစ်ဆယ့်သုံးသန်းမျှသော ချီကြယ်ပွင့်များ လင်းလက်စွာ တောက်ပလာသည်။

အချိန်နှစ်လအား မူလလိပ်ပြာမျှော်စင်တွင်သာ ကုန်ဆုံးခဲ့ပါသော်လည်း ဇူယွမ်မှာ ချီကြယ်ပွင့် နှစ်သန်းကိုပါ ရရှိခဲ့သည်။ သို့သော် ယခုအခြေအနေသည် သူ့အတွက် အကန့်အသတ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ရှစ်ခုမြောက် နိဗ္ဗာန်အား ချိတ်ဆက်နိုင်သော အခါမှသာ ထပ်မံတိုးတက်လာတော့မည် ဖြစ်သည်။

ချန်းရွှမ်တုံနှင့် ဇူယွမ်အကြားတွင် ချီကြယ်ပွင့် ခုနစ်သန်းခန့် ကွာခြားနေသေးသည်။

ချန်းရွှမ်တုံမှာ အထင်သေးဟန်ဖြင့် ပြုံးလိုက်သည်။ "ရှီးရီခေါင်းဆောင် ဇူယွမ်က ခေါင်းမာနေတော့လည်း နယ်မြေကိုးခုတွေ့ဆုံပွဲအတွက် အခွင့်အရေးကို ကျူပ်ဘာသာပဲ ယူရတော့မှာပဲ။"

ထိုစကားနှင့်အတူ လက်သင်္ကေတ အမျိုးမျိုးကို ပြောင်းလဲလိုက်သည်။

ဝုန်း.....

ချန်းရွှမ်တုံ၏ အနက်ရောင် ချီစွမ်းအင်များမှာ မဟူရာပင်လယ်ပြင်တစ်ခုအလား ပျံ့ကားသွားကာ ဇူယွမ့်ထံသို့ တိုးဝင်လာသည်။

ဇူယွမ်မှာ မျက်မှောင်ကျုံ့လိုက်ပြီးနောက် မိစ္ဆာသတ်ဓားစက်ဝန်းအား ထွက်ပေါ်စေလိုက်သည်။

ကြောက်မက်ဖွယ် ဓားဟိန်းသံနှင့်အတူ မိစ္ဆာသတ်ဓားစက်ဝန်းမှာ မဟူရာပင်လယ်ပြင်ထံ တိုးဝင်သွားသည်။

ဝုန်း....

ဓားအလင်းတန်းမှာ မဟူရာပင်လယ်ပြင်အား နှစ်ပိုင်းကွဲသွားစေပါသော်လည်း ပြင်းထန်လှသော လှိုင်းလုံးများ၏ ပုတ်ခတ်မှုကြောင့် ဓားအလင်းတန်းမှာ မှေးမှိန်လာရသည်။

အသက်ရှူချိန် အနည်းငယ်မျှ အချိန်အတွင်းမှာပင် ခေါ်စက်ဝန်းမှာ လွန်စွာသေးငယ်သွားလေသည်။

ဇူယွမ်မှာ လက်သင်္ကေတများ ပြောင်းလဲလျက် တောက်ပနေသော ပုံရိပ်ကြီးတစ်ခု ထွက်ပေါ်စေလိုက်သည်။

"ကြီးမြတ်သောသူတော်စင်စိတ်ဝိညာဉ်ကျင့်စဉ်..."

ဇူယွမ်မှာ မဟူရာပင်လယ်ပြင်ထံ ပြေးဝင်သွားရင်းဖြင့် ခေါ်စက်ဝန်းအား ပြန်လည်ဆင့်ခေါ်လိုက်သည်။ မှေးမှိန်နေသော ခေါ်စက်ဝန်းမှာ တဖန်ပြန်လည် တောက်ပလာသည်။

ဝှစ်...ဝှစ်....

ခေါ်အလင်းတန်းများမှာ မဟူရာပင်လယ်ပြင်အား အစိတ်စိတ်အမွှာမွှာ ကွဲသွားစေသည်။

ချလန်း....

ဇူယွမ်မှာ တစ်စုံတစ်ခုအား အာရုံခံလိုက်မိသောကြောင့် သူ၏ညာဘက်ထံ ဓားအလင်းတန်းကို ပို့လွှတ်လိုက်သည်။ ထင်မှတ်ထားသည့်အတိုင်းပင် ထိုနေရာမှ လှံတံတစ်ခု ထွက်ပေါ်လာလေသည်။

ဓားအလင်းတန်းနှင့် လှံတံတို့ ထိပ်တိုက်တွေ့ဆုံသွားကြပြီးနောက် အသက်ရှုချိန် အနည်းငယ်အတွင်း ဓားစက်ဝန်းမှာ ပျက်စီးသွားရသည်။ အနက်ရောင် လှံတံမှာ ထောင်ပေါင်များစွာသော ပုံရိပ်များအဖြစ် ပြောင်းလဲသွားကာ ဇူယွမ့်ထံ လျင်မြန်လှသောအရှိန်ဖြင့် ဆက်လက်တိုးဝင်လာတော့သည်။ ချန်းရှွမ်တုံမှာ အနည်းငယ်မျှပင် အလျှော့ပေးမည့်ဟန် မရှိပေ။

ဇူယွမ်မှာ တွေဝေမနေပဲ ဓားစက်ဝန်းနှင့် မီးအိမ်တစ်ခုအား တပြိုင်နက်တည်း ဖန်တီးလိုက်သည်။

"စိတ်ဝိညာဉ်မီးအိမ်..."

မီးအိမ်အတွင်းမှ စိတ်ဝိညာဉ်မီးတောက်များစွာ ထွက်ပေါ်လာကာ ချန်းရှမ်တုံထံ ပျံဝဲသွားသည်။

ဇူယွမ်မှာ ယခုတိုက်ကွက်အား အသုံးပြုရန် အချိန်အခါ
စောင့်ဆိုင်းနေခဲ့ခြင်းပင်။

"ဟားဟား.....မင်းမှာ စိတ်ဝိညာဉ်မီးတောက်ရှိတယ်ဆိုတာ ကျုပ်သိပြီးသားပဲ။"
ချန်းရှမ်တုံမှာ အနည်းငယ်မျှပင် တုန်လှုပ်မသွားပဲ
အနက်ရောင်ရွှံ့ခွက်တစ်ခုကို ထုတ်ယူလိုက်သည်။

ထိုရွှံ့ခွက်အတွင်း အနက်ရောင် အရည်များဖြင့် ပြည့်နှက်နေသည်။

ထိုအနက်ရောင် အရည်များမှာ ချန်းရှမ်တုံ၏ လုပ်ဆောင်မှုအောက်တွင်
မဟူရာရေပြင်တစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။ ထိုမဟူရာရေပြင်သည်
စိတ်ဝိညာဉ်စွမ်းအင်ကိုပင် အေးခဲသွားစေနိုင်လောက်မည့် ကြောက်မက်ဖွယ်
ချီစွမ်းအင်များကို ထုတ်လွှတ်နေသည်။

ချပ်.....

စိတ်ဝိဉာဉ်မီးတောက်နှင့် မဟူရာရေပြင်တို့ တွေ့ဆုံသွားကြသည်။

ထိုအချိန်မှာပင် ချန်းရွှမ်တုံ၏ အနက်ရောင် လှံတံမှာ ဇူယွမ်၏ မျက်ခုံးနှစ်ခုကြားသို့ ဦးတည်ပျံဝဲလာသည်။ တိုက်ခိုက်မှုသည် ပြင်းထန်လွန်းလှပြီး စိတ်ဝိဉာဉ်စွမ်းအင်သည်ပင် ကြေမွသွားရလောက်သည်။

ဇူယွမ်မှာ မျက်ဝန်းအနည်းငယ် ပြူးကျယ်သွားရကာ ခေါးစက်ဝန်းအား ချက်ချင်းဆိုသလို ပြန်လည်ထွက်ပေါ်စေလိုက်သည်။

ဘန်း....

လက်နက်နှစ်ခု ထိပ်တိုက်တွေ့ဆုံသွားကြပြီးနောက် ခေါးစက်ဝန်းမှာ ဇူယွမ့်ထံ လွင့်ထွက်လာသည်။

ဇူယွမ်မှာ လက်သီးအား ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ သူ၏လက်သီးတလျှောက် အနက်ရောင် အမျှင်များ ရစ်ပတ်လာကာ

အကာအကွယ်တစ်ခုသဖွယ် ဖြစ်သွားလေသည်။ ဇူယွမ်မှာ
အနက်ရောင်လုံတံအား ပြင်းထန်စွာ ထိုးချလိုက်သည်။

ချလန်း....

မီးစမီးပွားများပင် ဖြစ်ပေါ်ကုန်ရသည်။

ဇူယွမ်မှာ အဝေးသို့ လွင့်စင်သွားရကာ လက်သီးတလျှောက်
သွေးများကျဆင်းကုန်ရသည်။ ချန်းရှမ်တုံ၏ ပြင်းထန်လှသော
တိုက်ခိုက်မှုအောက်တွင် အထိနာသွားရလေသည်။

တိုတောင်းလှသော တိုက်ခိုက်မှု တစ်ခုနှင့်ပင် နှစ်ဖက်စလုံး၏ အခြေအနေကို
အားလုံးမှ သိမြင်ခဲ့ရသည်။ ဇူယွမ်မှာ တက်နိုင်သမျှ ကြိုးစားနေပါသော်လည်း
ချန်းရှမ်တုံ၏ တိုက်ခိုက်မှု တစ်ခုကိုပင် တောင့်ခံမထားနိုင်ကြောင်း
သိသာလှသည်။

ချန်းရှမ်တုံမှာ ယခုကတည်းက အသာစီး ရနေလေပြီ။

ချီစွမ်းအင်အခြေခံအုတ်မြစ်မှာ လွန်စွာကွာခြားနေသောကြောင့် ယခုအဖြစ်အပျက်မှာ မထူးဆန်းပေ။ ဇူယွမ်မှာ ဥတစ်လုံးဖြင့် ကျောက်တုံးအား ခွဲပစ်ရန် ကြံစည်နေသကဲ့သို့ ဖြစ်နေသည်။

ထျန်းယွမ်နယ်မြေမှ စောင့်ကြည့်နေသူများမှာ စိတ်ခတ်ကျစွာ သက်ပြင်းချလိုက်မိကြသည်။

နန်းဆောင်လေးခု၏ အဖွဲ့ဝင်များမှာလည်း လွန်စွာတိတ်ဆိတ်နေကြသည်။

.........

အဆုံးမဲ့အက်ကြောင်း၏ ကောင်းကင်ထက်၌

ချန်းရှမ်တုံမှာ ဇူယွမ်အားကြည့်ကာ ပြုံးလိုက်သည်။

"မင်းတို့မှာ လိပ်ပြာမှော်စာလုံး လေးခုရှိတယ်မလား။ အဲ့ဒါကို ထုတ်သုံးလိုက်တော့။ မဟုတ်ရင် မင်းအသက်ရှင်နိုင်ဖို့တောင် မသေချာတော့ဘူး။"

"ပြီးတော့ ငါကိုယ်တိုင်လည်း ထျန်းယွမ်နယ်မြေရဲ့ လိပ်ပြာမှော်စာလုံး လေးခုကို စိတ်ဝင်စားတယ်။"

ဇူယွမ်၏ ဒဏ်ရာဒဏ်ချက်များမှာ လျင်မြန်စွာပင် ပြန်လည်ပျောက်ကွယ်သွားသည်။ ချန်းရှွမ်တုံ၏ ချီကြယ်ပွင့် သန်းသုံးဆယ်မှာ အမှန်တကယ် ကြောက်မက်ဖွယ် ကောင်းလှသည်။ မိစ္ဆာသတ်ဓားစက်ဝန်း၊ စိတ်ဝိညာဉ်မီးအိမ်နှင့် ကြီးမြတ်သောသူတော်စင်စိတ်ဝိညာဉ်ကျင့်စဉ်တို့အား အသုံးပြုခဲ့သည်ကိုပင် အသာစီး မရနိုင်ခဲ့။

ချန်းရှွမ်တုံမှာ လုရှောင်းထက် အဆပေါင်းများစွာ ပို၍သန်မာသော ရန်သူပင် ဖြစ်သည်။

ဇူယွမ်မှာ တည်ငြိမ်စွာဖြင့် ဘယ်ညာလက်ခုံနှစ်ခုပေါ်ရှိ မှော်စာလုံး နှစ်ခုကို အသက်သွင်းလိုက်သည်။

သူ၏မျက်ခုံးနှစ်ခုကြားရှိ မှော်စာလုံးမှာလည်း လင်းလက်လာသည်။

မှော်စာလုံးသုံးခု....

စောင့်ကြည့်နေသူများထံမှ အံ့အားသင့်သံများ စတင်ထွက်ပေါ်လာသည်။

ထိုအချိန်မှာပင် သူ၏ရင်ဘတ်ထက်၌ မှော်စာလုံးတစ်ခု
ထပ်မံတောက်ပလာသောကြောင့် အာမေဋိတ်သံများ
ပိုမိုကျယ်လောင်သွားရသည်။

လိပ်ပြာမှော်စာလုံးလေးခု....

မှော်စာလုံး လေးခုနှင့်အတူ ဇူယွမ်၏ ချီစွမ်းအင်မှာလည်း တမုဟုတ်ချင်း
တိုးတက်လာတော့သည်။

ဇူယွမ်မှာ လိပ်ပြာမှော်စာလုံး လေးခုလုံးကို ပြီးမြောက်ထားလိမ့်မည်ဟု
ထင်မှတ်မထားသောကြောင့် ချန်းရှွမ်တုံမှာ မျက်ဝန်းများ အနည်းငယ်
ပြူးကျယ်သွားရသည်။

ထို့နောက် နှုတ်ခမ်းအား လျှာဖြင့်သပ်ကာ ခပ်ဖွဖွ ရေရွတ်လိုက်သည်။
"အဟက်…အခုမှပဲ စိတ်ဝင်စားစရာ ကောင်းတော့တယ်။"

------------------------------------------------------------